# ချင်းအမျိုးသားရေးရာ စာစောင်



**စာစီစာရိုက်၊ တည်းဖြတ်**

ဗိုလ် ခင်မောင်လေး

**စီစဉ်ထုတ်ဝေသူ**

သတင်းနှင့် ပြန်ကြားရေးဌာန
ချင်းအမျိုးသားတပ်ဦး

**ချင်းအမျိုးသားတပ်ဦး၊ သတင်းနှင့်ပြန်ကြားရေးဌာနမှ သုံးလတစ်ကြိမ်ထုတ်ဝေသည်။**

**မူပိုင်**

ချင်းအမျိုးသားတပ်ဦး

**မီဒီယာ ဆက်သွယ်ရန်**

cnfinfo88@gmail.com
zamsdal6@gmail.com
bhmaunglay@gmail.com
&
+918259946415
www.chinland.org

**ပုံနှိပ်**

KL Offset Printers
M.G. Road, Tuikhuahtlang, Aizawl, Mizoram

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ ပါတီအာဘော် | ၁ |
| ၂။ ကဗျာ | ၄ |
| ၃။ သတင်းတိုထွာ | ၅ |
| ၄။ ခါတ်ပုံ | ၈ |
| ၅။ ကာတွန်း | ၁၀ |
| ၆။ ဆောင်းပါး | |
| - ၁၉၅၁ ခုနှစ်၊ ချင်းအမျိုးသားနေ့ အောင်ပွဲသဘင် | ၁၂ |
| - ချင်းလူ့ဘောင်အတွင်း ဒီမိုကရေစီဓလေ့ ပျိုးထောင်ခြင်း | ၁၈ |
| - သူများလုပ်သလို လုပ်ပါလား | ၂၀ |
| - ဆလိုင်း မိုင် လျှပ်ရှားမှု အနှစ် (၄၀) ခရီး | ၂၄ |
| - အနာဂတ် ချင်းပြည်အတွက် လူထုအခြေပြုလူ့အဖွဲ့အစည်း | ၃၀ |
| - စစ်မတိုက်ချင်သော ဒန် မျိုးနွယ်စု | ၃၄ |
| - နိုင်ငံရေးနှင့် ခရစ်ယာန် ဓမ္မအမှုတော်ဆောင်များ | ၃၈ |
| - ဘာသာရေးကို အခြေခံမခံသော ဝါဒ (Secularism) | ၄၆ |
| ၇။ နိုင်ငံရေး အဆိုအမိန့်များ | ၅၃ |

ချင်းအမျိုးသားတပ်ဦး၊ သတင်းနှင့်ပြန်ကြားရေးဌာနမှ သုံးလတစ်ကြိမ်ထုတ်ဝေသည်။

# ပါတီအာဘော်

## ဘာသာရေးကို အခြေမခံသော နိုင်ငံ (Secular State)

ချင်းအမျိုးသားတပ်ဦးသည် နယ်ချဲ့ဗြိတိသျှ ကိုလိုနီလက်အောက်သို့ မကျရောက်မီ လွတ်လပ်သည့်နိုင်ငံများက ပင်လုံစာချုပ်နှင့် ၎င်း၏ ကတိကဝတ်များအရ စုပေါင်းတည်ထောင်ဖွဲ့စည်းထားသော ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖြစ်သည့်အလျှောက် ဤနိုင်ငံတွင် ရှိနေခဲ့ကြသော လူမျိုးများ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တို့ကို အာမခံချက် ပေးနိုင်မည့်စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို မိမိ၏နိုင်ငံရေးရည်မှန်း ချက်တခုအဖြစ်ထားရှိခဲ့ပါသည်။ စာချုပ် (သို့မဟုတ်) သဘောတူညီချက်မှ ပေါ်ပေါက်လာသော ဖက်ဒရယ်ပြည်ထောင်စု၏ ကြန်အင်လက္ခဏာတစ်ခုသည် သက်ဆိုင်သည့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် (သို့မဟုတ်) လူမျိုးများတို့က သဘောတူညီခဲ့ကြသော ဖက်ဒရယ်ပြည်ထောင်စု အခြေခံမှုများအရ ကျစ်လစ်ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဌာန်းကြရသည်။ အတည်ပြုပြဌာန်းလိုက်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ၏ သဘောတူညီချက်မရဘဲ လွှတ်တော်မှ လွယ်လွယ်ကူကူ မပြင်ဆင်နိုင်ပေ။ ထွက်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံဥပဒေက နိုင်ငံ၏လွတ်လပ်ရေး၊ အချုပ်အချာအာဏာ၊ ဒီမိုကရေစီ နှင့် ပြည်ထောင်စုနိုင်ငံကို အာမခံချက်ပေးပြီး ကာကွယ်ထိန်းသိမ်းထားရမည်။ လွတ်လပ်မှု၊ ညီမျှမှု၊ တရားမျှတမှုစသော ဒီမိုကရေစီ အခြေခံမှုများနှင့်အညီ တိုင်းသူပြည်သားများကို အာမခံချက်ပေးထားရမည်။

သို့ဖြစ်၍ ချင်းအမျိုးသားတပ်ဦး အနေဖြင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အခြေခံမှု (၉)ခုကို ချမှတ်ခဲ့သည်။ ၎င်း အခြေခံမှု (၉) ခုထဲတွင် "ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သည် ဘာသာရေးကိုအခြေခံမခံသော နိုင်ငံတော် (Secular State) ဖြစ်စေရမည်" ဆိုသည့် အခြေခံမှုပါရှိသည်။ ချင်းအမျိုးသားတပ်ဦးသည် ဤအခြေခံမှုပေါ်တွင် တစိုက်မတ်မတ်ကိုင်စွဲရပ်တည်လာခဲ့ပြီး၊ ဤအခြေခံမှု အောင်မြင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားဦးမည် ဖြစ်သည်။ ၁၉၉၉ ခုနှစ်၊ မတ်လ(၁၅)ရက်နေ့တွင် ကျရောက်သည့်ချင်းခရစ်ယာန် သာသနာပြု ရာပြည့်ပွဲတော်ကို မြို့တော် ဟားခါးမြို့တွင် ကျင်းပရန်နှင့် ပတ်သက်၍ ထိုစဉ်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(နအဖ)မှပွဲမိန့်မပေးပဲထားခဲ့ရာ

ချင်းခရစ်ယာန်များ အခက်တွေ့ခဲ့ကြရသည်။ ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးက (နအဖ) အစိုးရအနေနှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို တားမြစ်ပိတ်ပင်ခြင်းမပြုရန်၊ နိုင်ငံရေးနှင့် ဘာသာရေးကို သီးသန့်ခွဲခြားထားရန်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုများကို အစိုးရက ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ရန် တောင်းဆိုခဲ့ပြီး၊ နှစ်လကြာ တဖက်သတ်အပစ်အခတ်ရပ်စဲကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ချင်းအမျိုးသားတပ်ဦး ပါဝင်တက်ရောက်ခဲ့သော ဒုတိယအကြိမ်မြောက် ချင်းအမျိုးသားညီလာခံကို ချင်းပြည်နယ်၊ ဟားခါးမြို့တွင် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၁၂-၁၅) ရက်အထိ ကျင်းပပြုလုပ်ခဲ့ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် "ဘာသာရေးကိုအခြေမခံသောနိုင်ငံ"အပါအဝင် လမ်းညွှန်အခြေခံမှု (၁၀) ချက်ကို အခြေခံရန် ဘုံသဘောတူညီချက် ရရှိနိုင်ခဲ့ကြသည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သည် ဘာသာရေးကို အခြေမခံသော နိုင်ငံတော်ဖြစ်စေရမည်ဆိုသည့် အခြေခံမှုသည် ချင်းအမျိုးသားတပ်ဦးအပါအဝင် ချင်းအမျိုးသားတရပ်လုံးက လက်ခံသဘောတူသော မူအဖြစ် ရပ်တည်သည်။

ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ နတ်ကိုးကွယ်သည့်ဘာသာ စသဖြင့် ဘာသာပေါင်းစုံ ကိုးကွယ်သည့်နိုင်ငံတခုဖြစ်သောကြောင့် ဘာသာရေးကို အခြေမခံသောနိုင်ငံ အယူအဆသည် နိုင်ငံအတွက် အသင့်လျော်ဆုံးဖြစ်ပါသည်။ ဘာသာရေးကို အခြေမခံသော နိုင်ငံတခုအနေဖြင့် ဘာသာအားလုံးတန်းတူညီမျှမှုရှိကြခြင်း၊ ဘာသာရေးဆိုင်ရာ လွတ်လပ်မှုရှိကြခြင်း၊ တူညီသော အခွင့်အရေးများနှင့် အခွင့်အခါကောင်းများရှိကြခြင်း၊ အစိုးရပညာရေးဆိုင်ရာကျောင်းများတွင် ဘာသာရေးနှင့်ပတ်သက်သော ပညာရေးစံနစ်မရှိခြင်း၊ နိုင်ငံတော် (အစိုးရ)သည် ဘာသာအားလုံးမှ ဝေးဝေးရှောင်ခြင်း၊ နိုင်ငံတော်ဘာသာမရှိခြင်း၊ နိုင်ငံတော်သည် ဘာသာရေးနှင့်ပတ်သက်၍ ကြားနေအနေအထားတွင်နေခြင်း... စသည့်အချက်များနှင့် ကိုက်ညီမှုရှိရမည်ဖြစ်သည်။ အမှန်မှာ ဘာသာရေးကို အခြေမခံသော နိုင်ငံအယူဝါဒသည် ဒီမိုကရေစီအခြေခံမှုများနှင့် ကိုက်ညီမှုရှိပြီး ဒီမိုကရေစီကို ပိုမိုအားကောင်းစေပါသည်။

ထို့ကြောင့် နိုင်ငံတော်(အစိုးရ)သည် ဘာသာရေးဆိုင်ရာ အခြေခံမှုများနှင့် လှုပ်ရှားဆောင်ရွက်မှုများမှ ခတ်ခွာခွာ သီးခြားရပ်တည်ပေးရမည်ဖြစ်ပြီး၊ ဘာသာရေးကို ဆန့်ကျင်ပုတ်ခတ်မှုနှင့် ခွဲခြားမှုမျိုးကို ရှောင်ရှားရမည်ဖြစ်သည်။ ဘာသာအားလုံး လုံခြုံအေးချမ်းရေးအတွက် ညီတူညီမျှ အကာအကွယ်ပေးရမည်။ နိုင်ငံတော်အစိုးရက ဘာသာရေးတွင် ဝင်ရောက်မစွက်ဖက်ပဲနေရန်

လိုအပ်သလို ဘာသာရေးအဖွဲ့များကလည်း အစိုးရ၏ အရေးအရာများတွင် ဝင်ရောက်မစွက်ဖက်ရန် လိုအပ်သည်။ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများကလည်း ဘာသာရေးကို ခုတုံးလုပ်အလွဲသုံးစား မပြုအပ်ပေ။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ပြည်သူလူထု တရပ်လုံးအတွက် ဘာသာ ရေးလွတ်လပ်မှုကို အာမခံထားရန် လိုအပ်သည့်အပြင် အုပ်ချုပ်သည့် အစိုးရကိုယ်တိုင်ကလည်း ဘာသာရေးကို အခြေမခံသောဝါဒကို လက်တွေ့ကျင့်သုံးရန် လိုအပ်သည်။ပြည်ထောင်စုအစိုးရကသော်လည်းကောင်း၊ ပြည်နယ်အစိုးရက သော်လည်းကောင်း၊ ဘာသာရေးအဖွဲ့အစည်းများကို ကွဲပြားသော ကိုင်တွယ်ဆောင်ရွက်မှု မပြုအပ်ပေ။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကျင်းပခဲ့သော ဒုတိယအကြိမ် ချင်းအမျိုးသားညီလာခံက ဘာသာရေးနှင့် ယုံကြည်မှုဆိုင်ရာလွတ်လပ်ခွင့်များနှင့်ပတ်သက်၍ အချက် (၁၂)ချက်ကို သဘောတူညီခဲ့ကြသည်။ နံပါတ် (၁)အချက်တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော ဘာသာရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုသို့ ဦးတည်စေသည့် မည်သည့်ပြဌာန်းချက်မျိုးကိုမဆို ပြန်လည်သုံးသပ်ပြင်ဆင် (သို့မဟုတ်)ပယ်ဖျက်ရန်လိုအပ်ကြောင်း သဘောတူခဲ့ကြသည်နှင့်အညီ ဘာသာရေးကို အခြေမခံသောနိုင်ငံ အမှန်တကယ်ဖြစ်လာရန် အာမခံချက်ပေးမည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အမြန်ပေါ်ပေါက် နိုင်စေကြောင်း ဆန္ဒပြုအပ်ပါသည်။

အယ်ဒီတာ

ချင်းအမျိုးသားရေးရာ စာစောင်

◆◆◆◆◆◆

# သင် ဘယ်အကောင်မျိုးလဲ

ပျားရည်ဟာ ချိုမြိန်တယ်
ဆေးဖက် ဝင်တယ်။

ပျားတွေဟာ စည်းလုံးတယ်
ပျားအုံကို တို့လိုက်ရင်
ရှိသမျှအင်အားနဲ့ တိုက်ခိုက်တယ်။

ပန်းပွင့်ရဲ့ မျိုးတွေ အောင်မြင်ဘို့အတွက်
ဝတ်မှုန် ကူးပေးတယ်။

ယင်ကောင်ဟာဆိုရင်
အညစ်အကြေး၊ အပုပ်အသိုးကိုဘဲ မှီဝဲတယ်။

စော်နံ့တွေ ရတိုင်း
အတိုင်းအဆ အကန့်သတ်မရှိ လိုက်လံ မှီဝဲတတ်တယ်။

စည်းလုံးမှုဆိုတာ သူတို့ဆီမှာ မရှိပါ
အစာကို လုယက်တတ်တယ်။

တွေးကြည့်စမ်းပါ
သင် ဘယ်အကောင်မျိုးလဲ....

**မောင်လေး**

# သတင်းတိုထွာ

## တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ထိပ်သီးအစည်းအဝေး (Ethnic Armed Organizations Summit ကို လော်ခီးလာတွင် ကျင်းပပြုလုပ်




တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ထိပ်သီးအစည်းအဝေးကို ကရင်ပြည်နယ် ကရင့်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်နယ်မြေ လော်ခီးလာ တွင် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှ ၉ ရက်နေ့အထိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၁၈)ဖွဲ့၊ လေ့လာသူအဖြစ် တက်ရောက်သည့်အဖွဲ့ (၈) ဖွဲ့ဖြင့် ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ချင်းအမျိုးသားတပ်ဦးမှ အထွေထွေအတွင်းရေးမှူးချုပ်က ဦးဆောင်၍ ကိုယ်စားလှယ် (၅) ဦး၊ လေ့လာသူ (၃) ဦးနှင့် ရုံးအကူအဖြစ် (၂) ဦး၊ စုစုပေါင်း (၁၀) ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးသို့ တရုတ်နိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ် Sun Guoxiang နှင့်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂ အထွေအထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေး Mr. Vijay Nambiar နှင့် ၄င်း၏လက်ထောက်၊ ဂျပန်နိုင်ငံ (Nipon Foundation) မှ Mr. Yuji Mori တို့ ဂုဏ်ပြုတက်ရောက်ခဲ့ကြပါသည်။

ဤ အစည်းအဝေးတွင် "တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(NCCT)" ၏ အစီရင်စာတင်သွင်းခြင်းနှင့် ပဏာမရလဒ်တစ်ခုအဖြစ် ၂၀၁၅ ခုနှစ်၊ မေလ(၃၁)ရက်နေ့တွင် UPWC နှင့် NCCT တို့ လက်မှတ်ရေးထိုးခဲ့သော "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် NCA (အတည်ပြုမူကြမ်း)"ကို ပြင်ဆင်ဖြည့်စွက်ချက်များနှင့်အတူ ထပ်မံအတည်ပြုခဲ့ပြီး၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်တွင် (NCCT)တွင် ပါဝင်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ပါဝင်ရေးကို သဘောတူဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါမူကြမ်းကိုအခြေခံ၍ အစိုးရနှင့်အပြီးသတ်ညှိနှိုင်းရန် လိုအပ်သည့်အချက်များကို ဆက်လက်ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ "တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့"ကို တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း (၁၅)ဖွဲ့မှ ခေါင်းဆောင် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

# နိုင်ငံတော်အစိုးရ၏ မြန်မာနိုင်ငံ စုစုပေါင်း လူဦးရေ ထုတ်ပြန်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရမှ ၂၀၁၄ ခုနှစ်တွင် စတင်ကောက်ခံပြီး ၂၀၁၅ ခုနှစ်၊ မေလ(၂၉) ရက်နေ့တွင် တရားဝင်ထုတ်ပြန်သော သန်းခေါင်းစာရင်းအရ မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေ (၅၁၄၈၆၂၅၃) ဦးရှိပြီး၊ အမျိုးသားဦးရေ (၂၄၈၂၄၅၈၆) ဦး၊ အမျိုးသမီးဦးရေ (၂၆၆၆၁၆၆၇) ဦး ရှိကြောင်း ဖော်ပြထားပါသည်။ ဤစုစုပေါင်း လူဦးရေစာရင်းတွင် ကချင်၊ ကရင်၊ ရခိုင်ပြည်နယ်များတွင် စာရင်းမကောက်နိုင်သည့် ဒေသအချို့မှ ခန့်မှန်းလူဦးရေ ၁.၂ သန်းကျော် (၁၂၀၆၃၅၃) ဦးကို ထည့်သွင်းတွက်ချက်ထားကြောင်း အစီရင်ခံစာက ဖော်ပြထားပြီး အစီရင်ခံစာကို အဆင့် (၄)ဆင့်ဖြင့် ထုတ်ပြန်သွားမည်ဟု ၄င်းအစီရင်ခံစာအရ သိရှိရပါသည်။

၄င်း အစီရင်ခံစာအရ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လူဦးရေစာရင်းမှာ-

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | လူဦးရေ |
|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁၆၈၉၄၄၁ |
| ၂ | ကယားပြည်နယ် | ၂၈၆၆၂၇ |
| ၃ | ကရင်ပြည်နယ် | ၁၅၇၄၀၇၉ |
| ၄ | ချင်းပြည်နယ် | ၄၇၈၈၀၁ |
| ၅ | မွန်ပြည်နယ် | ၂၀၅၄၃၉၃ |
| ၆ | ရခိုင်ပြည်နယ် | ၃၁၈၈၈၀၇ |
| ၇ | ရှမ်းပြည်နယ် | ၅၈၂၄၄၃၂ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး | ၇၃၆၀၇၀၃ |
| ၉ | ဧရာဝတီတိုင်းဒေသကြီး | ၆၁၈၄၈၂၉ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၃၂၅၄၃၇ |
| ၁၁ | တနင်္သာရီတိုင်းဒေသကြီး | ၁၄၀၈၄၀၁ |
| ၁၂ | ပဲခူးတိုင်းဒေသကြီး | ၄၈၆၇၃၇၃ |
| ၁၃ | မကွေးတိုင်းဒေသကြီး | ၃၉၁၇၀၅၅ |
| ၁၄ | မန္တလေးတိုင်းဒေသကြီး | ၆၁၆၅၇၂၃ |
| ၁၅ | နေပြည်တော် ဧရိယာ | ၁၁၆၀၂၄၂ |
| | စုစုပေါင်း | ၅၁၄၈၆၂၅၃ |

## တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ဆက်ဆံရေးရုံးများ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း



Euro - Burma Office (EBO) မှ ကြီးမှူးပြုလုပ်သည့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ (၄)လတစ်ကြိမ် တွေ့ဆုံ/အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ မေလ ၂၈ ရက်မှ ၃၀ ရက်နေ့အထိ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် ပြုလုပ်ခဲ့ရာ၊ အလုပ်ရုံဆွေးနွေးပွဲသို့ ချင်းအမျိုးသားတပ်ဦး (တီးတိန်၊ ထန်တလန်၊ မတူပီ) ဆက်ဆံရေးရုံးများမှ ကိုယ်စားလှယ် (၅)ဦးစီ၊ စုစုပေါင်း (၁၅)ဦး တက်ရောက်ခဲ့သည်။

၄င်းအလုပ်ရုံဆွေးနွေးပွဲတွင် အဓိကအားဖြင့် ပြည်တွင်းအပစ်အခတ်ရပ်စဲရေး ပြုလုပ်ရာတွင် ဆက်ဆံရေးရုံးများ၏ တာဝန်နှင့်ဝတ္တရားများ (Term of References) ကို အဓိက ဆွေးနွေးခဲ့ကြပါသည်။

ဤအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်နိုင်သော အခြားတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှာ- TNLA, RCSS, KNU, KNPP, KIC နှင့် ALP တို့ဖြစ်သည်။

**ချင်းအမျိုးသားရေးရာ စာစောင်ကို ချင်းအမျိုးသားတပ်ဦး၊ သတင်းနှင့်ပြန်ကြားရေးဌာနမှ သုံးလတစ်ကြိမ် ထုတ်ဝေလျှက်ရှိပြီး၊ စာစောင်များကို ချင်းအမျိုးသားတပ်ဦး ပြည်တွင်းဆက်ဆံရေးရုံးများမှတဆင့် ထုတ်ဝေဖြန့်ချီနေပါသည်။**

**မိတ်ဆွေများ၏ ဝေဖန်အကြံပြုမှုများကို လှိုက်လှဲစွာ ကြိုဆိုလျှက်ရှိသကဲ့သို့ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးနှင့် ကာတွန်းများကိုလည်း အောက်ပါလိပ်စာများသို့ အချိန်မရွေး ဆက်သွယ်ပေးပို့နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။**

**Contact;**
cnfinfo88@gmail.com
zamsdal6@gmail.com
+91 8259946415



ချင်းအမျိုးသားတပ်ဦး ဥက္ကဌ ပူးထန်နန်လျန်းထန် နှင့် Orlando, Florida
ဒေသကော်မတီဝင်တချို့




တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ထိပ်သီးအစည်းအဝေး “လော်ခီးလာ” သို့
တက်ရောက်သည့် ချင်းအမျိုးသားတပ်ဦး ကိုယ်စားလှယ်များ

၄. ၆. ၂၀၁၅





ချင်းအမျိုးသားတပ်ဦးနှင့် ချင်းနိုင်ငံရေးပါတီများ ရန်ကုန်မြို့တွင် တွေ့ဆုံစဉ်
(၁၃. ၆. ၂၀၁၅)



ချင်းအမျိုးသားတပ်မတော်သားများ UCCF ဘုရားရှိခိုင်းကျောင်း
ဆောက်လုပ်ရေးအတွက် တတတ်တအား လုပ်အားပေးနေစဉ် (Camp Victoria)


ကျွန်တော်တို့ ပါတီ ကတော့
ဘာကောကို အသေဆုပ်ကိုင် မထားပါဘူး ...
ပြည်သူကိုပဲ အသေဆုပ်ကိုင်
ထားမှာပါ.....
ML2015


EAO's
ဘာလို့ အပစ်အခတ် မရပ်နိုင်သေးတာလဲ..
R.U.M
အပစ်အခတ် 'ရပ်' နေလို့ပါ..
ML2015.


ABC
DEF
M·L2015


ML2015

# ၁၉၅၁ ခုနှစ် ချင်းအမျိုးသားနေ့ အောင်ပွဲသဘင်အခမ်းအနား ပုံရိပ်

ထန်ခဲန်ကပ် (ဖိုဒမ်တွီး)

## နိဒါန်း

၁။ ၂၀၁၅ ခုနှစ်တွင် ချင်းအမျိုးသားနေ့သည် (၆၇)နှစ်မြောက် ရှိလာပြီဖြစ်သည်။ ချင်းအမျိုးသားနေ့ ကျရောက်လာတိုင်း ချင်းအမျိုးသားတစ်ဦးအနေဖြင့် ချင်းအမျိုးသားနေ့ စတင်ကျင်းပမှုပုံရိပ်ကို စိတ်အာရုံတွင် ပြန်လည်မြင်ယောင်နေမိသည်။ ဂုဏ်မယူဘဲ မနေနိုင်ဖြစ်မိသည်။ စီမံခန့်ခွဲကျင်းပသည့် ပုဂ္ဂိုလ်များကိုလည်း တမ်းတကြည်ညိုလေးစားမိပါသည်။ ချင်းအမျိုးသားနေ့ကို ပထမအကြိမ် စတင်ကျင်းပသည့် ပုံရိပ်အား ချင်းအမျိုးသားနေ့ကို အလေးအမြတ်ထားသူတိုင်းကို မျှဝေလိုသည့် ဆန္ဒဖြင့် ရေးသားတင်ပြအပ်ပါသည်။

### ကျင်းပသည့်နေရာနှင့် နေ့ရက်

၂။ ပထမအကြိမ် ချင်းအမျိုးသားနေ့ကို ချင်းအမျိုးသားနေ့ အောင်ပွဲသဘင်အခမ်းအနားဟူ၍ ခေါင်းစဉ်တပ်ပြီး၊ ယင်းအချိန်အခါ ချင်းဝိသေသတိုင်း တောင်ပိုင်း ကန်ပက်လက်ခရိုင် (ယခင်)၊ မင်းတပ်မြို့၌ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့ နံနက် (၁၀) နာရီခွဲအချိန်တွင် ကျင်းပခဲ့ပါသည်။ ၄င်းအချိန်တွင် ချင်းဝိသေသတိုင်း ဟူ၍ ရေးသားထားပါသည်။

### သဘာပတိနှင့် အခမ်းအနားမှူး

၃။ ပထမအကြိမ် ချင်းအမျိုးသားနေ့ အောင်ပွဲသဘင်အခမ်းအနားတွင် မြောက်ပိုင်းချင်းတောင် ဖလမ်းခရိုင်၊ တီးတိန်မြို့မှ ကေအက်စ်ဗွီပီ(K.S.V.P) အဖွဲ့ဥက္ကဋ္ဌ ဦးထန်ခိုကိုင်း က သဘာပတိအဖြစ်ဆောင်ရွက်ပြီး၊ ချင်းရေးရာဌာနပါလီမန်အတွင်းဝန်မဟာသရေစည်သူကပ္ပတိန်မန်တုံးနံး က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

### အခမ်းအနားစင်မြင့်ပေါ်တွင် တက်ရောက်သော လူကြီးမင်းများ

၄။ ၁၉၅၁ ခုနှစ် ချင်းအမျိုးသားနေ့ အောင်ပွဲသဘင်အခမ်းအနား စင်မြင့်ပေါ်တွင် နေရာယူသည့် လူကြီးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) နိုင်ငံတော်ဝန်ကြီးချုပ် သခင်နု

(ခ) ကရင်ရေးရာဝန်ကြီးချုပ် မန်းဘဆိုင်
(ဂ) ချင်းရေးရာဌာနဝန်ကြီး ဦးဝမ်းသူးမောင်
(ဃ) ချင်းဝိသေသတိုင်းမင်းကြီး စည်သူဦးသိမ်းမောင် (အေ-တီ-အမ်)
(င) စည်သူဦးမှန် (မြန်မာနိုင်ငံ သစ်တောမင်းကြီးချုပ်)
(စ) ဦးအောင်ဘော် (နိုင်ငံတော် သစ်ထုတ်လုပ်ရေးမင်းကြီး)
(ဆ) သီရိပျံချီ ဦးအကွေ (အတွင်းဝန်၊ ချင်းရေးရာဝန်ကြီးဌာန)
(ဇ) မဟာသရေစည်သူ ဦးကြာဘူး (ရှမ်းပြည်နယ် ပါလီမန်အတွင်းဝန်)
(ဈ) သခင်သာခင် (ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပါလီမန်အတွင်းဝန်)
(ည) ဦး ဘစံ (နိုင်ငံတော်ဝန်ကြီးချုပ်၏ ဒုတိယအတွင်းဝန်)
(ဋ) ဝဏ္ဏကျော်ထင်ဦးစိန် (မြောက်ပိုင်းချင်းတောင် အရေးပိုင်)
(ဌ) ဦးစိန်လှ (ကရင်နီပြည်နယ်ဝန်ကြီး၏ အတွင်းရေးအတွင်းဝန်)
(ဍ) သီရိပျံချီ ဦးလျင်ထူမ်း (ချင်းရေးရာကောင်စီ သဘာပတိ)

## ကြွရောက်သည့် ပရိသတ်အရေအတွက်

၅။ ကြွရောက်သည့် လူထုပရိသတ်ဦးရေမှာ (၁၀၀၀) ကျော် (တစ်ထောင်ကျော်)ခန့်ဖြစ်သည်ဟု မှတ်တမ်းတင်ထားပါသည်။

## အောင်ပွဲသဘင်အခမ်းအနားအစီအစဉ်

၆။ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့ ပထမအကြိမ်အဖြစ် ကျင်းပသည့် (၄) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ချင်းအမျိုးသားနေ့ အောင်ပွဲဖွင့်လှစ်ရန်
(၂) နိုင်ငံတော်အလံ အလေးပြုရန်
(၃) ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား အလေးပြုရန်
(၄) ချင်းအမျိုးသားများ ကိုယ်စား ကန်ပက်လက်နယ် ပညာအုပ် ဦးရှိန်းလိန်းက သြဘာစာဖတ်ကြားရန်
(၅) ချင်းအမျိုးသားနေ့ အောင်ပွဲသဘင် သဘာပတိမိန့်ခွန်း
(၆) နိုင်ငံတော်သမ္မတကြီး၏ သဝဏ်လွှာကို နိုင်ငံတော်ဝန်ကြီးချုပ်က ဖတ်ကြားရန်
(၇) ချင်းရေးရာဌာနဝန်ကြီး၏ မိန့်ခွန်း
(၈) နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း
(၉) ကရင်ရေးရာဌာနဝန်ကြီး မန်းဘဆိုင်၏ မိန့်ခွန်း

(၁၀) ရှမ်းပြည်နယ်ဝန်ကြီး စဝ်ခွန်ချို၏ သဝဏ်လွှာကို ရှမ်းပြည်နယ်ပါလီမန်အတွင်းဝန် ဦးကြာဘူးက ဖတ်ကြားရန်
(၁၁) ကရင်နီပြည်နယ်ဝန်ကြီး စဝ်ဝဏ္ဏ ၏ သဝဏ်လွှာကို ကရင်နီပြည်နယ်ဝန်ကြီး၏ အတွင်းရေးအတွင်းဝန် ဦးစိန်လှ က ဖတ်ကြားရန်
(၁၂) ပြည်ထဲရေးနှင့်သာသနာရေးရာဝန်ကြီးဌာန ပါလီမန်အတွင်းဝန် သခင်သာခင်၏ မိန့်ခွန်း
(၁၃) ကချင်ပြည်နယ်ဝန်ကြီး ဆမားဒူးဝါးဆင်ဝါးနောင်၏ သဝဏ်လွှာကို ချင်းရေးရာဝန်ကြီးဌာနအတွင်းဝန် ဦးအကွေ က ဖတ်ကြားရန်
(၁၄) နိုင်ငံတော်သီချင်းဖြင့် အောင်ပွဲသဘင်ကို ရုတ်သိမ်းရန်

**အခမ်းအနားစတင်/ကျင်းပခြင်း**

၇။ အစီအစဉ်အမှတ် (၁) အရ၊ ချင်းအမျိုးသားနေ့ အောင်ပွဲသဘင်ကို အခမ်းအနားမှူး မဟာသရေစည်သူ ကပ္ပတိန်မန်တုံးနံးက စတင်ဖွင့်လှစ်၍၊ အစဉ်အစီ ၂ နှင့် ၃ အရ နိုင်ငံတော်အလံတော်ကို အလေးပြုကာ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် အာဇာနည်ပုဂ္ဂိုလ်များအား အလေးပြုကြပါသည်။ (မူလမှတ်တမ်းအတိုင်း ရေးသားတင်ပြခြင်း ဖြစ်ပါသည်။ (စာရေးသူ))

၈။ အစီအစဉ် (၄) အရ၊ ချင်းအမျိုးသားများကိုယ်စား ကန်ပက်လက်နယ် ပညာအုပ် ဦးရှိန်းလိန်းက နိုင်ငံတော်ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များအား ဩဘာစာ ဆက်သပါသည်။ (စာပိုဒ်အားဖြင့် ၁၃ ပိုဒ်ရှိပါသည်)

၉။ ဩဘာစာ ဆက်သဖတ်ကြားခြင်းအပြီးတွင် ပညာအုပ် ဦးရှိန်းလိန်းက နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဝန်ကြီးချုပ်ကတော်တို့အား အထိမ်းအမှတ်လက်ဆောင်အဖြစ် ချင်းအသုံးအဆောင် ဖြစ်သော ပချပ်၊ ဓါး နှင့် စောင်တို့ကို ပေးအပ်ချီးမြှင့်ပါသည်။

၁၀။ အစီအစဉ် (၅) အရ၊ ချင်းအမျိုးသားနေ့ အောင်ပွဲသဘင် သဘာပတိ ဦးထန်ခိုကိုင်းက သဘာပတိမိန့်ခွန်း မြွက်ကြားသွားပါသည်။ (စာပိုဒ်အားဖြင့် ၁၃ ပိုဒ်ရှိပြီး၊ ချင်းအမျိုးသားနေ့ သတ်မှတ်ရခြင်းအကြောင်းကို အကျယ်တဝင့် ထည့်သွင်း ရှင်းလင်းသွားပါသည်။)

၁၁။ အစီအစဉ် (၆) အရ၊ ၁၃၁၂ ခုနှစ် တပို့တွဲ လဆန်း (၁၄) ရက်၊ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့စွဲပါ၊ "ချင်းအမျိုးသားနေ့ အောင်ပွဲအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတ

ကြီးထံမှ သဝဏ်လွှာ” ဟူ၍ နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်ထံမှ ပေးပို့သော သဝဏ်လွှာကို နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက ဖတ်ကြားပါသည်။ (စာပိုဒ်တို ၄ ပိုဒ်ရှိပါသည်)

၁၂။ အစီအစဉ် (၇) အရ၊ ချင်းရေးရာဝန်ကြီး ဦးဝမ်းသူးမောင်က မိန့်ခွန်းမြွက်ကြားသွားပါသည်။ သူ၏ မိန့်ခွန်းတွင် ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာရသည့် အကြောင်းရင်းနှင့် ချင်းအမျိုးသားနေ့ ကျင်းပရခြင်း အကြောင်းရင်းများကို ရှင်းလင်းမြွက်ကြားသွားပါသည်။

၁၃။ အစီအစဉ် (၈) အရ၊ နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုက မိန့်ခွန်းမြွက်ကြားသွားပါသည်။ သူ၏ မိန့်ခွန်းကို “သဘာပတိနှင့်တကွ၊ ကြွရောက်လာကြသည့် မိတ်ဆွေများခင်ဗျား၊ ယနေ့ ခင်ဗျားတို့ကို ကျွန်တော်စကားပြောမည့်အခါမှာ- ချင်း အမျိုးသားစကားနှင့်ပြောရလျှင် သိပ် ကောင်းမှာဘဲ၊ ကျွန်တော်ကြိုးစားပြီး သင်ပါဦးမယ်၊ နောက်မကြာမီ ခင်ဗျားတို့နှင့် တွေ့သည့်အခါ ချင်းလိုပြောနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ကျွန်တော်ပြောချင်တာ အများကြီးဘဲ။ ခင်ဗျားတို့က နားမလည်ဘူးဆိုတော့ အတော်ခက်မှာဘဲ။ ကျွန်တော်တတ်နိုင်သရွေ့ ကြိုးစားပြီးပြောပါမယ်။ ဒီမှာလာကြသည့် ခေါင်းဆောင်လူကြီးတွေ အများကြီးပါဘဲ။” ဟု နိဒါန်းပျိုး၍ မိန့်ခွန်း မြွက်ကြား သွားပါသည်။ နောက်ဆုံးစာပိုဒ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အားလုံးက ဝိုင်းပြီး အစွမ်းကုန်ကြိုးစားကြရမယ်၊ ခင်ဗျားတို့က ဝိုင်းပြီး လုပ်ပေးရမယ်၊ ချင်း လူထုက ဝိုင်းပြီးလုပ်ပေး ရမယ်။ ခင်ဗျားတို့နှင့် တွေ့သည့်အခါ သတိပေးချင်တာက-

နံပါတ် (၁) အချက်၊ ခင်ဗျားတို့တတွေဟာ ဟိုအရင်တုန်းကလို ကျွန် ချင်း တွေမဟုတ်တော့ဘူး၊ လွတ်လပ်တဲ့ ချင်း တွေဖြစ်လာပြီ။

နံပါတ် (၂) အချက်၊ နိုင်ငံကြီးချမ်းသာသလောက် ခင်ဗျားတို့လည်း ချမ်းသာလာနိုင်ပြီ၊ ၅ နှစ်အ တွင်း ခင်ဗျားတို့ရဲ့ အခြေအနေဟာ တမျိုးတဖုံပြောင်းလဲသွားမယ်လို့ ကျွန်တော် ကတိပေးပါ တယ်။

နံပါတ် (၃) အချက်၊ “ကျွန်တော်ပြောခဲ့တဲ့ အချက်တွေမှတ်ထားပြီး မိမိတို့ ရပ်ရွာရောက်တဲ့အခါ မှာ တဆင့်စကား ပြောကြားကြပါ။ နားလည်အောင် ပြောပြပါ၊ ခေါင်းဆောင်ကြီးများက တိုင်းရင်း သား စည်းလုံးညီညွတ်ရေး အောင်မြင်အောင်၊ ခင်ဗျားတို့ကလည်း ဝိုင်းပြီး ဆောင်ရွက်ကြပါ။ ဒီ သုံးချက်ကို ခင်ဗျားတို့ရဲ့ခေါင်းထဲမှာ သံမှိုနှင့်စွဲထားသလို မှတ်ထားကြပါ။” ဟု နိဂုံး ချုပ်သွားပါ သည်။

၁၄။ အစီအစဉ် (၉) အရ၊ ကရင်ရေးရာဌာနဝန်ကြီး မန်းဘဆိုင်က မိန့်ခွန်းမြွက်ကြားသွားပါသည်။ သူ၏ မိန့်ခွန်း ဒုတိယစာပိုဒ်တွင် “ကရင်၊ ချင်း အတူတူဖြစ်တယ်။ ခင်ဗျားတို့ ချင်းတွေဟာ

ကရင်လူမျိုးနှင့်တူတယ်။ ဘာမှမခြားဘူး။ ချင်း၊ ကချင်၊ ရှမ်း၊ ကရင်၊ ကရင်နီ၊ မွန်၊ ရခိုင် အတူတူဘဲဖြစ်တယ်။ လက်ဦးတုန်းက ခင်ဗျားတို့ထင်တယ်။ မြန်မာလူမျိုးဟာ ချင်းလူမျိုးထက်ကြီးတယ်။ ဒါပေမယ့် လွတ်လပ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖြစ်ပေါ်လာတဲ့အချိန်မှာ တိုင်းရင်းသားအားလုံးဟာ အတူတူဘဲ။ ဘယ်သူကမှ ဘယ်သူထက် ပိုပြီးမကြီးဘူး၊" ဟု ထည့်သွင်းမြွက်ကြားသွားပါတယ်။ (စာပိုဒ်ပေါင်း ၉ ပိုဒ်ရှိပါတယ်)

၁၅။ အစီအစဉ် (၁၀) အရ ရှမ်းပြည်နယ်ဝန်ကြီး စဝ်ခွန်ချို၏ သဝဏ်လွှာကို ရှမ်းပြည်နယ် ပါလီမန် အတွင်းဝန်ဦးကြာဘူးက ဖတ်ကြားပါသည်။ သဝဏ်လွှာခေါင်းစဉ်မှာ "ရှမ်းပြည်နယ်ဥက္ကဋ္ဌ နှင့် နိုင်ငံခြားရေးရာဝန်ကြီးစဝ်ခွန်ချို၏ ၁၉၅၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၂၀) ရက်နေ့တွင် ကျင်းပသော ချင်းအမျိုးသားနေ့အတွက် မိတ်ဆက်သဝဏ်လွှာ" ဟူ၍ ဖြစ်ပါသည်။ (စာပိုဒ် ၅ ပိုဒ် ပါရှိပါသည်)

၁၆။ အစီအစဉ် (၁၁) အရ ကရင်နီပြည်နယ်ဝန်ကြီး စောဝဏ္ဏ ၏ သဝဏ်လွှာကို ကရင်နီပြည်နယ် ဝန်ကြီး၏ အတွင်းရေး အတွင်းဝန် ဦးစိန်လှက ဖတ်ကြားသွားပါသည်။ သဝဏ်လွှာခေါင်းစဉ်မှာ "၁၉၅၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၂၀) ရက်နေ့တွင် ချင်းဝိသေသတိုင်း၊ မင်းတပ်မြို့တွင် ကျင်းပသည့် ချင်းအမျိုးသားနေ့အတွက် ကရင်နီပြည်နယ်၊ ဝန်ကြီးစောဝဏ္ဏ၏ သဝဏ်လွှာ" ဟူ၍ ဖြစ်ပါသည်။ "သဘာပတိနှင့် ကြွရောက်တော်မူသော ချင်းပရိသတ်အပေါင်းတို့ခင်ဗျား" ဟု နိဒါန်းပျိုးပြီး ရေးသားထားသော သဝဏ်လွှာဖြစ်ပါသည်။(သဝဏ်လွှာအား စာပိုဒ်ရှည်ကြီးတစ်ခုအဖြစ် ရေးသားထားပါသည်)

၁၇။ အစီအစဉ် (၁၂)အရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ပါလီမန်အတွင်းဝန် သခင်သာခင် က မိန့်ခွန်းမြွက်ကြားသွားပါသည်။ (စာပိုဒ် ၆ ပိုဒ်ရှိပါသည်)

၁၈။ အစီအစဉ် (၁၃) အရ ကချင်ပြည်နယ်ဝန်ကြီး ဆမားဒူးဝါးဆင်ဝါးနောင်၏ ၁၉၅၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၇ ရက်နေ့စွဲပါ သဝဏ်လွှာကို ချင်းရေးရာဝန်ကြီးဌာနအတွင်းဝန် ဦးအကွေ က ဖတ်ကြားပါသည်။ သဝဏ်လွှာခေါင်းစဉ်မှာ "ကချင်ပြည်နယ်ဝန်ကြီး ဆမားဒူးဝါးဆင်ဝါးနောင် ထံမှ ၁၉၅၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၂၀) ရက်၊ ချင်းဝိသေသတိုင်း ချင်းမျိုးသားနေ့ အထိမ်းအမှတ် မင်္ဂလာသဘင်သို့ ပေးပို့သော သဝဏ်လွှာ" ဟူ၍ ဖြစ်ပါသည်။

၁၉။ အစီအစဉ် (၁၄) အရ ချင်းအမျိုးသားနေ့ အောင်ပွဲသဘင်ကို နေ့လည် ၂ နာရီအချိန်တွင် နိုင်ငံတော်သီချင်းဖြင့် ရုတ်သိမ်းသည်။

## နိဂုံး

၂၀။ ချင်းအမျိုးသားနေ့သက်တမ်းကို ၁၉၄၈ ခုနှစ်မှစ၍ ရေတွက်ခြင်းဖြစ်သဖြင့် ၁၉၅၁ ခုနှစ်တွင် ကျင်းပသော ချင်းအမျိုးသားနေ့သည် (၄) နှစ်မြောက် ချင်းအမျိုးသားနေ့ဖြစ်ပြီး ကျင်းပသည့် အကြိမ်အရေအတွက်မှာ ပထမအကြိမ် ဖြစ်ပါသည်။ ဤ စာကို ရေးသားသည့် ၂၀၁၄ ခုနှစ်တွင် ချင်းအမျိုးသားနေ့သည် (၆၇) နှစ်မြောက်ရှိပြီ ဖြစ်ပါသည်။

၂၁။ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့ မင်းတပ်မြို့တွင် ပထမအကြိမ်အဖြစ်ကျင်းပသည့် (၄) နှစ်မြောက် ချင်းအမျိုးသားနေ့အောင်ပွဲ သဘင်အခမ်းအနားတွင် ဖတ်ကြားသောသဝဏ်လွှာ များနှင့် မြွက်ကြားသွားသော မိန့်ခွန်းများကို လေ့လာဖတ်ရှုလိုသူများအနေဖြင့် "ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ ၁၃၁၂ ခုနှစ်၊ တပို့တွဲလဆန်း (၁၄) ရက်နေ့မှ လဆုတ် (၁) ရက်နေ့အထိ (၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့မှ (၂၂) ရက်) နေ့အထိ၊ ချင်းဝိသေသတိုင်း၊ တောင် ပိုင်းခရိုင် မင်းတပ်မြို့တွင် ကျင်းပသော ချင်းအမျိုးသားနေ့ အောင်ပွဲသဘင်အခမ်းအနားနှင့်ချင်း ဝိသေသတိုင်းလုံးဆိုင်ရာ နှစ်ပတ်လည်ညီလာခံ သဘင်အခမ်းအနားမှတ်တမ်းများ" ဟူသော စာအုပ်ကို ဖတ်ရှုကြပါရန် အကြံပြုအပ်ပါသည်။

၂၂။ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့ ချင်းအမျိုးသားနေ့ အောင်ပွဲသဘင် အခမ်းအနား ကျင်းပအပြီး၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့နှင့် (၂၂) ရက်နေ့တွင် ချင်ဝိသေသတိုင်းလုံးဆိုင်ရာ နှစ်ပတ်လည် ညီလာခံသဘင်အခမ်းအနားကို ဆက်တိုက် ကျင်းပသွားခဲ့ပါသည်။ အခါအခွင့်ကြုံ ပါက ဆက်လက်ရေးသားတင်ပြသွားပါမည်။

၀၀၀၀

၁၉၄၈ ခုနှစ်တွင် ဖလမ်းမြို့၌ ချင်းအမျိုးသား (၅၀၀၀)ကျော်စုဝေးခဲ့ကြပြီး တိုက်သူကြီး အုပ်ချုပ်ရေးစံနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစံနစ်သို့ ၁၉၄၈ ဖေဖော်ဝါရီလ ၂၀ ရက် နေ့တွင် ပြောင်းလဲကျင့်သုံးရန် သံန္နိဋ္ဌာန် ချခဲ့ကြသည်။ ဤသို့သော လူပေါင်း (၅၀၀၀) ကျော် တွေ့ဆုံဆွေးနွေးမှုသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ချင်းအမျိုးသားတို့၏ စည်း လုံးညီညွတ်မှုကို ပြသခဲ့သည့် နေ့ရက်လည်းဖြစ်သဖြင့် ဖေဖော်ဝါရီလ (၂၀) ရက်နေ့ အား ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ဖြစ်ခဲ့ကြသည်။

# ချင်းလူ့ဘောင်အတွင်း ဒီမိုကရေစီ ဓလေ့ ပျိုးထောင်ခြင်း

**ဇလပ်ထက်နီ**

ဒီမိုကရေစီစံနစ်ကို အသုံးချသူက တန်ဘိုးထားတတ်ဖို့ လိုပါတယ်။ အင်္ဂလန်နိုင်ငံမှာ အစက အာဏာရှင်စံနစ် ကြီးစိုးခဲ့ပေမဲ့ ဘုရင်စံနစ်ကို တရားဥပဒေက ထိန်းချုပ်လာနိုင်ပြီး ဒီမိုကရေစီ ဓလေ့ ရှင်သန်ထွန်းကားခဲ့တယ်။ ဒီမိုကရေစီစံနစ် လိုလားသူများသည် ဒီမိုကရေစီ ဓလေ့တွေ ကျင့်သုံးတတ်လာအောင် အစိုးရနဲ့ ပြည်သူကြား ဆက်ဆံရေးအလေ့အထ၊ အစိုးရသည် မိမိတို့ အထက်ဆိုတဲ့ အတွေးအခေါ်တွေကို ပထမဆုံးပြောင်းလဲပစ်ရမှာပါ။ တနည်းဆိုရသော် အာဏာ ရှင်စံနစ်ကို မလိုလားတဲ့ နိုင်ငံရေးအတွေးအခေါ်၊ အကျင့်စရိုက်တွေကို ဖျောက်ပြီး ဒီမိုကရေစီ အမြစ်ပျိုးရပါမယ်။ အာဏာရှင်စံနစ်မှ ဒီမိုကရေစီစံနစ်သို့ အသွင်ကူးပြောင်းစဉ်ကတည်းက လူ မှု အဖွဲ့အစည်းမှာ အတွေးအခေါ်၊ အယူဝါဒတွေကို ပြောင်းလဲဖို့ လိုပါတယ်။

ဘယ်လူမျိုးမဆို လွတ်လပ်မှုကို လိုချင်ကြတာပါ၊ လွတ်လပ်မှုကို လိုချင်တဲ့ ဆန္ဒပြင်းပြတယ် ဆို ရင် တချိန်ချိန်မှာ အောင်မြင်ဖို့က မလွဲဧကန်ပဲ။ သို့သော် ဆန္ဒပြင်းပြရုံနဲ့ မပြီးပါ၊ ဆန္ဒအတိုင်း ဖြစ် လာဖို့ ကြိုးစားလုပ်ယူမှ ရတယ်။ သို့သော် အာဏာပိုင်တွေကို ကြောက်ရွံ့တဲ့ ဓလေ့ရှိနေလို့ က တော့ လုပ်သမျှ အချည်းအနှီးဖြစ်ပြီး အခက်အခဲကို ကျော်လွှားနိုင်စရာ အကြောင်းမရှိပါ၊

ဒီမိုကရေစီ စရိုက်ဓလေ့တွေကို ဗီလာပြုပြီး အထက်ကခိုင်းသမျှ လိုက်လုပ်ရတဲ့ ဆက်ဆံမှုဓလေ့ ဟာ အာဏာရှင်စံနစ်ကို အားပေးရာရောက်စေပါတယ်။ အုပ်ချုပ်သူအစိုးရကို ရိုးရိုးတန်းတန်း သာမန်လူအဖြစ် မြင်တတ်တဲ့စိတ်မျိုး မွေးတတ်ပါမှ ဒီမိုကရေစီရဲ့ အနှစ်သာရကို နားလည်လာ ပါလိမ့်မယ်။ ချင်းလူ့အဖွဲ့အစည်းမှာ အုပ်ချုပ်သူ လူမျိုးခြားကပြောတိုင်း ဘဝင်ကျသည် မကျ သည်၊ ရှင်းသည် မရှင်းသည် ခေါင်းညိတ်၊ ကိုယ့်လူမျိုး အချင်းချင်းကိုတော့ ရင်ကော့၊ ခံပြော၊ လူမျိုးခြား အထက်က လူကို တန်းခိုးရှင် သတ်မှတ်တဲ့ ရိုးရာအစဉ်အလာ ဓလေ့ ချင်းလူ့ဘောင် မှာ ယနေ့တိုင် ရှိနေဆဲပါ။

ဒါကြောင့် အနိုင်ကျင့်တဲ့ ကြီးနိုင်ငယ်ညှင်း အာဏာရှင်ဓလေ့၊ အကျင့်စရိုက်တွေကို ချင်းလူ့အဖွဲ့ အစည်းက လက်ခံထားလို့ မဖြစ်ပါ၊ လက်မခံသင့်ပါ၊ လက်ခံသူတွေကို အလိမ္မာသုံး ဖယ်ရှားရ မှာပါ၊ အမှန်က ဒီမိုကရေစီလူ့အဖွဲ့အစည်းဆိုတာ ပြည်သူလူထုက လက်ခံတဲ့ ဘောင်ထဲမှာအ စိုးရက အာဏာရှိနေတာ ဖြစ်ပါတယ်။ လူထု၊ လူ့အဖွဲ့အစည်းက နည်းနည်းသာလက်ခံရင်အစိုးရ မှာ နည်းနည်းသာ အာဏာ ရှိရပါလိမ့်မယ်။

ချင်းလူမျိုးတွေ သိထားဖို့က လူ့အဖွဲ့အစည်းက လက်မခံတဲ့ အုပ်ချုပ်သူဟာ ရေရှည်မခံတတ်ပါ၊ နောက်ပြီး မိမိရဲ့ စွမ်းရည်နဲ့ အင်အားကို မိမိကိုယ်တိုင် မသိတာ၊ မိမိရဲ့ စွမ်းရည်နဲ့ အင်အားကို

ဘယ်နေရာ၊ ဘယ်ချိန်မှာ ပြုရတယ်ဆိုတာ ကွက်ကွက်ကွင်းကွင်း နားလည်တတ်ဖို့ လိုတယ်၊ ဒါတွေကို နားမလည်တာဟာ ဆင်းရဲမွဲတေတာထက် ပိုဆိုးတယ်။

တဖက်မှာ ပြည်သူတွေမှာ သည်းခံတတ်မှု၊ ရိုသေကျိုးနွံတတ်မှု၊ ခွင့်လွှတ်တတ်မှု ဓလေ့တွေလွန်ကဲလာရင် အာဏာရှင်ကို အားပေးနေတာမျိုး ဖြစ်နေတတ်သလို အစိုးရအမိန့်တိုင်းကိုလူထုက နာခံရတဲ့ ဆက်ဆံရေးစံနစ်မျိုးကို ဆက်လက် လက်ခံထားနေရင် ကြောက်စိတ်နဲ့အတူ အာဏာရှင်ဆိုတာ ရှိနေအုံးမှာပါပဲ။

အမှန်ဆိုပါက ချင်းလူ့အဖွဲ့အစည်းမှာ ဘာသာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ တတ်သိပညာရှင်၊ ကျောင်းသားလူငယ်၊ အမျိုးသမီးစသည့် အဖွဲ့အစည်းတွေ ရှိနေပါတယ်။ ဒီမိုကရေစီဓလေ့၊ ယဉ်ကျေးမှု၊ စရိုက်တွေကသာ ဒီမိုကရေစီ အုပ်ချုပ်ရေးစံနစ်မှာ အာဏာပိုင်အစစ်အမှန်တွေ ဖြစ်ပါတယ်၊ သူတို့ ဘယ်လောက် ဩဇာညောင်းတယ်ဆိုတာကို အစိုးရက ကြည့်နေရမှာဖြစ်တယ်။ ဒါကြောင့် ယနေ့ ဒီမိုကရေစီ အသွင်ကူးပြောင်းချိန်မှာ အစိုးရအာဏာကို ပြောင်းပြန် ထိန်းချုပ်ကန့်သတ်နိုင်စွမ်းရှိတဲ့ လူ့အဖွဲ့အစည်းတွေကို ဖွဲ့စည်းပြီး အားကောင်းအောင် ကြိုးပမ်းနေကြရပါမယ်။

ယနေ့အချိန်ဟာ အာဏာရှင်ဆန်သော၊ အာဏာရှင်ဓလေ့စရိုက်ကို ကျင့်သုံးနေသေးသော အစိုးရမျိုးကို အားသစ်လောင်းစေမည့် အရေးအရာမှန်သမျှ ဆန့်ကျင်ရမယ့် အချိန်ဖြစ်ပါတယ်၊ ဒါမှသာ ပြောပြောနေတဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးစကားလုံးဟာ အဓိပါယ်ရှိလာမှာပါ၊ အရပ်သားအဖွဲ့ အစည်းတွေကမိမိဘာသာဆုံးဖြတ်နိုင်အောင်၊ ဆုံးဖြတ်ရဲအောင်၊ ဆုံးဖြတ်ဖို့လုပ်ပိုင်ခွင့်ရအောင် ကြိုးပမ်းခြင်းဟာ ဒီမိုကရေစီဓလေ့ကို ပျိုးထောင်ပြီး မြေတောင်မြှောက်ပေးခြင်းဖြစ်တယ်၊ ဒီလိုကြိုးပမ်းနေချိန်မှာ သတိပြုရမည့် အချက်တခုရှိပါတယ်။ အာဏာရှင်ဓလေ့စရိုက်ရှိနေသေးတဲ့ အုပ်ချုပ်သူအစိုးရတွေက ခြောက်၍တလှဲ့ ချော့၍တဖုံ နည်းမျိုးစုံနဲ့ တုံ့ပြန်လာပါလိမ့်မယ်၊ နားမယောင်ဖို့က အရေးကြီးပါတယ်။

၀၀၀၀

**နိုင်ငံရေးဆိုတာ နိုင်ငံထဲမှာ နေထိုင်ကြတဲ့ နိုင်ငံသားအားလုံးတို့ရဲ့ အရေးဖြစ်တယ်။**
**နိုင်ငံရေးဟာ ငါနဲ့မဆိုင်ဘူးလို့ တွေးနေရင် ပြောပြမယ်၊**
**ဒီနေ့ ငွေစက္ကူတွေ အသုံးပြုခွင့် ရပ်ဆိုင်းလိုက်မယ်ဆိုရင် ခင်ဗျားနဲ့ ဆိုင်သလား၊**
**မဆိုင်ဘူးလား။**
**အဲဒါကြောင့် နိုင်ငံသားတိုင်းဟာ နိုင်ငံရေးသမား ဖြစ်တယ်။ ဝါန နဲ့ ဝါရင့်ပဲ ကွာတယ်။**

**အမည်မသိ**

# သူများလုပ်သလို လုပ်ပါလား

**ပူးထက်ဆဝုင်**

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ။ အထက်ပါခေါင်းစဉ်ကို အနည်းငယ် တင်ပြဆွေးနွေးလိုပါသည်။ တစ်ချို့သော နိုင်ငံရေးသမားများနှင့်နိုင်ငံရေးကိစ္စများ ဆွေးနွေးကြသည့်အခါ အရှေ့ပါကစ္စတန် မြို့တော် ဒါကာမြို့တွင် ရုံးထိုင်ခဲ့သည့် ဗြိတိသျှသံအမတ်ကြီးက နာဂတော်လှန်ရေးခေါင်းဆောင် ဖီဇိုး အားလည်းကောင်း၊ မီဇို အမျိုးသားခေါင်းဆောင် လလ်းဒင်းငါ အားလည်းကောင်း၊ ချင်းအမျိုးသားခေါင်းဆောင် ဟရန်နောလ် အားလည်းကောင်း၊ အထက်ခေါင်းစဉ်ပါ စကားဖြင့်၊ အဆိုပါ ပုဂ္ဂိုလ်အသီးသီးတို့၏ ချဉ်းကပ်မေးမြန်းချက်ကို ချေပခဲ့သည်ဟု ဆိုသူရှိပါသည်။ ဟုတ်ချင်မှလည်းဟုတ်မည်။ ဟုတ်နိုင်သည့်အကြောင်းကို အခြေခံပြီး ဆွေးနွေးသွားပါမည်။

ကမ္ဘာ့ကုလသမဂ္ဂတွင် ရေးရာကော်မီတီ ၆ ခုရှိရာ ၄င်းတို့မှာ -

1. The First Committee : Disarmament and International Security
2. The Second Committee : Economic and Financial
3. The Third Committee : Social,Humanitarian and Cultural
4. The Fourth Committee : Special Political and Decolonization
5. The Fifth Committee : Administrative and Budgetary
6. The Sixth Committee : Legal Committee

များဖြစ်ပါသည်။ အထက်ပါကော်မီတီများအနက် စတုတ္ထကော်မီတီတွင် "ကိုလိုနီချုပ်ငြိမ်းရေးနှင့် အပြည်ပြည်ဆိုင်ရာနိုင်ငံရေးကိစ္စ" ဟူသောအချက် ပါရှိနေသည်။ ဒုတိယကမ္ဘာစစ်အပြီး၊ လွတ်လပ်ရေးမရသေးဘဲ ကျန်ရစ်နေသေးသော ကိုလိုနီနယ်များအား လွတ်လပ်ရေးပေးရန်၊ ကမ္ဘာ့ကုလသမဂ္ဂ၏ ၁၉၆၀ ခုနှစ် အထွေထွေညီလာခံမှ ဆုံးဖြတ်အတည်ပြုပြီးဖြစ်ရာ၊ ၄င်း ကမ္ဘာ့ကုလသမဂ္ဂ ၁၉၆၀ ခုနှစ် အထွေထွေညီလာခံ၏ ထုတ်ပြန်ချက် (Declaration on Decolonization 1960) အရ ကိုလိုနီနယ်များ အမြောက်အမြား လွတ်လပ်ရေးရလျက် ရှိနေကြသည်ကိုမသိရာကြသော ချင်းအနွယ်ဝင် တော်လှန်ရေးခေါင်းဆောင်တို့အား ၄င်းဗြိတိသျှ သံမှူးကြီးကအထက်ပါ စကားလုံးအတိုင်း အထင်အမြင်သေးစွာ လေပုပ်မှုတ်ပြလိုက်ခြင်း ဖြစ်နိုင်ပါသည်။

ဧကွန္တ (ကော်လိုနီ) ဗြိတိသျှအရာရှိများသည် ချင်းအမျိုးသားတို့အား ချစ်မြတ်နိုး၍ ချင်းပြည်ကို ကျူးကျော်သိမ်းပိုက်ခဲ့ခြင်းမဟုတ်ဘဲ၊ ချင်းတို့၏ ဆန့်ကျင်ခုခံမှုရန်ကို ရပ်စဲစေလိုသောကြောင့် ချင်းတို့အား နှိပ်ကွပ်လိုက်ခြင်းသာဖြစ်သည်ကို ၄င်းတို့ပြဌာန်းထားခဲ့သည့် စည်းမျဉ်းများ၊ စည်းကမ်းများက ထင်ရှားစေပါသည်။ လူသူ အရောက်အပေါက် နည်းသည့်အပြင်၊ ချင်းတို့ကိုယ်၌လည်း ပြင်ပ

လောကနှင့် အဆက်အသွယ် နည်းပါးခဲ့ခြင်းကြောင့် လောကီပညာအရပ်ရပ်အပြင် နိုင်ငံရေးရာ ပညာအရပ်ရပ်နှင့်ပါ ကင်းကွာနေခဲ့ခြင်းကြောင့် ဖော်ပြပါ ကမ္ဘာ့ကုလသမဂ္ဂအကြောင်းကို ကန ဦး ချင်းတော်လှန်ရေးခေါင်းဆောင်များက ကောင်းစွာမသိရှိခဲ့ခြင်း ဖြစ်နိုင်သည်ဟု ယူဆရပါ မည်။ ၎င်းမျိုးချစ်တို့ မသိသည်ကို အထင်အမြင်သေးစွာ ဝါစာဖရှည်၊ နှုတ်ကြမ်းအာကြမ်း ပက် လိုက်ခြင်းသည် ဗြိတိသျှအင်္ဂလိပ်တို့၏ နယ်ချဲ့ဝါဒနှင့် ပေါ်လစီကို အထင်အရှား ဖော်ထုတ်လိုက် ခြင်းပင် ဖြစ်ပါလိမ့်မည်ဟု စာရေးသူသုံးသပ်မိပါသည်။ ၎င်းတို့၏ လက်ချက်ကြောင့် အသိပညာ နည်းပါးခဲ့သည့် ချင်းတို့၏အဖြစ်ကို သနားကရုဏာသက်ရမည့်အစား အထက်ပါအတိုင်း ဗြိတိ သျှ သံအရာရှိက အမှန်ကောန်ပြောဆိုခဲ့ပါက မိမိတို့၌ လူသားစိတ်ဓါတ်မှ ရှိပါလေစဟုစောကြော မိပါသည်။

စာရေးသူတို့ ငယ်စဉ် တောင်ကျေး ကလေးဘဝက သင်ကြားခဲ့သည့် သင်္ချာစာတစ်ပုဒ်မှာ၊ "မေးပါများစကားရ၊ သွားပါများခရီးရောက်" ဟူ၍ ဖြစ်သည်။ သို့ကြောင့်လည်း ချင်းအမျိုးသား ခေါင်းဆောင်သုံးဦးသည်လည်း ၎င်းသံအမတ်ကြီးအား မိဘအရာထားပြီး အားကိုးတကြီးဖြင့် ချဉ်းကပ်မေးမြန်းသည်ကို အကျိုးအကြောင်းနှင့်တကွ ရှင်းလင်းပြခြင်း၊ မျက်မှောက် ကမ္ဘာ့နိုင်ငံ ရေးနှင့် ကုလသမဂ္ဂအကြောင်း၊ "ကုလထုတ်ပြန်ချက် ၁၉၆၀" အကြောင်းပြောပြခြင်း မပြုဘဲ၊ "သူများလုပ်သလို လုပ်ပါလား"ဟု ပက်လိုက်ခြင်းသည် အလွန်နာကျည်းဘွယ်ပင်ကောင်းလှပါ သည်။ အလွန်တရာမှ ရက်စက်ရက်လေခြင်း၊ ချင်းတမျိုးသားလုံးအဖို့ "အကျိုးလိုလို့ ညောင်ရေ လောင်း၊ ပတ်ထမ်းနဲ့တွေ့" အခြေ ဆိုက်ရလေပကော။

ပူးဟရန်နောလ် က ထပ်တွန့်သေးဟန်တူသည်။ "သူများက ဘယ်လိုလုပ်လို့လဲ" ဟူ၍၊ သံမှူး ကြီးက "ငါ ဒီအတိုင်းဘဲ နာဂဇီဖိုးကိုလည်း ပြောတယ်၊ မီဇိုလလ်းဒင်းငါ ကိုလည်းပြောတယ် "ဟု ပြောခဲ့ဟန်တူသည်။ ဒါကြောင့် သူလည်း ဆက်မမေးတော့ဘဲ၊ လက်မှိုင်ချပြီး တော်လှန်ရေးကို လက်လျှော့ခဲ့ခြင်း ဖြစ်နိုင်ပါသည်။ အားမတန်၍ မာန်လျှော့လိုက်ကြသည်။ နည်းလမ်းကောင်း မသိ၍ တော်လှန်ရေးကို တစခန်းရပ်လိုက်ကြပြီ။ ယခုဆို ထိုမျိုးချစ်ပုဂ္ဂိုလ်တို့လည်း မြန်းသွားကြ ကုန်ပြီ။ သူတို့ ပျိုးပေးခဲ့ကြသည့် မျိုးချစ်ဇာတိမာန်ကော ဘယ်ချိန်ဘယ်ခါ၌ ဆိတ်သုဉ်းလေမည် နည်း။ "မြေမြို၍လူမျိုးမပျောက်၊ လူမျိုမှလူမျိုးပျောက်သည်" ဟူသော စကားရှိခဲ့သည်။ ယခုမူ ငွေမျို၍လည်း လူမျိုး ပျောက်နေတော့မည်လော့။

အဘယ်ကြောင့်ဆိုသော် မိမိတို့တိုင်းပြည်အား ကာကွယ်စောင့်ရှောက်ခဲ့ကြသော မျိုးချစ်အာဇာ နည်သူရဲကောင်းများ ခေတ်ပောင်းတွင် ကျန်ရစ်ကြပြီ။ အုပ်ချုပ်သူအစိုးရအသီးသီးကလည်း ဖွံ့ဖြိုးရေးဘဏ္ဍာငွေဖြင့် ချင်းတို့၏ မျိုးချစ်စိတ်ဓါတ်ကို ဝါးမြိုလာကြပြီ။ ကုန်ရောင်းကုန်ဝယ်လုပ် ငန်းများမှ အမြတ်ကြေးငွေများဖြင့် မိမိတို့အမျိုးသားစိတ်ဓါတ်ကို ထုခွဲရောင်းစားနေကြပြီ။အမျိုး သားရေးကို ကျော့ခိုင်းရင်း တပါးနိုင်ငံတို့သို့ ဇာတ်မြှုပ်နေကြပြီ။ ယနေ့ဆို မိမိအမျိုးသားအတွက်

တိုက်ပွဲဝင်ရန်ထက် ခိုင်းနွားဘဝကိုပင် တပ်မက်သူ ချင်းလူငယ်များ အမြောက်အမြားပေါ်ထွက်နေကြပြီ။ တပ်ဦးရဲဘော်များကိုပင် အထင်သေးနေကြပြီ။ မိမိတို့အား ကယ်တင်မည့်သူများဟုပင် မမြင်တတ်ကြတော့ပြီ။ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်စသော ဖယ်ဒရယ်မူ၊ ဒီမိုကရေစီမူများကိုပင် စိတ်မဝင်စား၊ "ဘယ်သူသေသေ၊ ငတေမာရင်ပြီးရော" ဆိုသူ မှိုလိုပေါက်နေကြပြီ။

အခြားသော တိုင်းရင်းသားများမှာမူ မိမိတို့ဘဝ အာမခံချက်ရရေးအတွက် အင်နှင့်အားနှင့်စည်းရုံးနေကြပြီ။ မြေပေါ်အင်အားစုများကလည်း ဖိအားပေးနေကြပြီ။ ဘဝအာမခံချက်မပေးသော ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေးတို့သည် အနှစ်သာရကင်းမဲ့လွန်းသည်ကို ကောင်းစွာသိထားကြသည်။ ထို့ကြောင့်လည်း အပျိုအအို၊ ကျားမ၊ ဆင်းရဲချမ်းသာမရွေး မိမိတို့ အမျိုးသားများ ကောင်းစားရေးအတွက် တက်ညီလက်ညီ ခြေလှမ်းလာကြပြီ။ ကချင်၊ ကရင်၊ ကရင်နီ၊ မွန်၊ ရခိုင်၊ ရှမ်းစသော သွေးချင်းညီနောင်တို့သည် အချင်းချင်း သွေးစည်းညီညွတ်ရေးများအတွက် ဆထက်တံပိုး လုပ်ဆောင်လာကြသည်ကို အားရဘွယ် တွေ့မြင်နေရသည်။

အမှန်မှာ ချင်းအမျိုးသားတပ်ဦး၏ နိုင်ငံရေးလမ်းစဉ်သည် အဆင့်အတန်းမနိမ့်လှပေ။ နာဂ၊မီဇို၊ ကသည်း စသော တော်လှန်ရေးများထက် အဆင့်မြင့်သည်။ ကမ္ဘာအရပ်ရပ်မှ တော်လှန်ရေးများနှင့်ရင်ဘောင်တန်း လိုက်နိုင်ရန်အတွက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ UNGIP, Geneva နှင့် Permanent Forum NewYork ညီလာခံတို့တွင် နှစ်စဉ်နှစ်တိုင်း ကိုယ်စားလှယ်များအား အကြိမ်ကြိမ် စေလွှတ်နေဆဲဖြစ်သည်။ အခြားနိုင်ငံတကာ NGO များနှင့်လည်း မကြာခဏတွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၊ နည်းနာခံခြင်း၊ အခါအားလျော်စွာ ပြည်သူများအတွက် နိုင်ငံရေး၊ သဘောတရားရေးရာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဖွင့်လှစ်ပို့ချခြင်းတို့ဖြင့် ပညာပေးခြင်းများဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ ပြည်သူတို့အား ငဲ့ညှာသောအားဖြင့် အကြမ်းဖက်လှုပ်ရှားမှုအား ဘေးချိတ်ထားပြီး၊ အကြမ်းမဖက်လှုပ်ရှားမှုကို အသားပေးလုပ်ဆောင်နေပါသည်။

ထိုမျှသာမက တိုင်းရင်းသားတော်လှန်ရေးအင်အားစုများ၊ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့် လက်တွဲပြီး ချင်းတမျိုးသားလုံးအတွက် ဒီမိုကရေစီအရေး၊ ဖယ်ဒရယ်ပြည်ထောင်စုအရေး၊ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်ရရေး၊ တန်းတူညီမှုများအတွက်ပါ ခိုင်မာပြီး၊ မြဲမြံသော ဘဝအာမခံချက်အပြည့်အဝရှိသည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန် ကြိုးစားနေလျက်ရှိပါသည်။ ဤအချက်ကို ချင်းပြည်သူများအား သိထားစေလိုကြပါသည်။ တော်လှန်ရေးကာလတွင် ထိသူနာသူရှိစမြဲဖြစ်၍ တပ်ဦးအနေဖြင့် မည်သူ့ကိုမျှ မနစ်နာစေလိုပါ။ မတော်၍ ထိခိုက်နစ်နာသူများ ရှိလာသည့်အခါတွင်လည်း ကံမကောင်း၍ အကြောင်းမလှသူတို့အတွက် သော်လည်းကောင်း၊ ကံယာကံရှင် မိသားစုများအတွက် သော်လည်းကောင်း ထပ်တူဝမ်းနည်းရပါသည်။ ယူကြုံးမရခံစားကြရပါသည်။ ၎င်းအတွက် ချင်းအမျိုးသားတပ်ဦးအား အာဃာတမထားစေလိုပါ။ မေတ္တာ

မပျက်စေလိုပါ။

တော်လှန်ရေးဟူသည် ပြည်သူတို့၏ ထောက်ခံအားပေးမှုမရဘဲ မရပ်တည်နိုင်ပါ။ ပြည်သူများကောင်းစားရေးအတွက် တိုက်ပွဲဝင်နေကြသော ပြည်သူ့သားကောင်းရတနာများအား စိတ်ရှည်လက်ရှည် သည်းခံခွင့်လွှတ်ခြင်းဖြင့် သော်လည်းကောင်း၊ လိုအပ်သည့် အကူအညီများပေးခြင်းဖြင့်သော်လည်းကောင်း၊ စောင်မကြခြင်းဖြင့် ပြည်သူ့တော်လှန်ရေးအသွင်သို့ ကူးပြောင်းမည်ဆိုလျှင် ချင်းအမျိုးသားတော်လှန်ရေးသည် ဧကန်မုချ အောင်မြင်မည်သာ ဖြစ်ပါသည်။

အကယ်၍ စစ်ယူနီဖောင်းချွတ် စစ်အစိုးရအနေဖြင့် ချင်းအမျိုးသားများအပါအဝင် တိုင်းရင်းသားများ လိုလားတောင့်တပြီး ဖိအားပေးတောင်းဆိုနေသော တန်းတူရေး၊ ဒီမိုကရေစီရေး၊ ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်နှင့် ဖက်ဒရယ်ပြည်ထောင်စုအတွက် တွန့်ဆုတ်နေပါက သော်လည်းကောင်း၊ ချင်းပြည်သူတစ်ရပ်လုံးက ဖက်ဒရယ်ပြည်ထောင်စုအတွက် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်အား တောင်းဆိုဆန္ဒပြုကြမည်ဆိုလျှင် ချင်းအမျိုးသားတပ်ဦးသည် နဂိုမူလလမ်းစဉ်အတိုင်း၊ လက်နက်ကိုင် တော်လှန်ရေးနည်းအတိုင်း၊ ဆက်လက်ပြီး ပြန်လည်ဆင်နွဲရန် ဝန်လေးမည်မဟုတ်ပါချေ။ ချင်းတမျိုးသားလုံးအဖို့အနှစ်သာရပြည့်ဝပြီးဘဝအာမခံချက်မရှိနိုင်လုံသောငြိမ်းချမ်းရေးမျိုးကို မည်သည့်နည်းနှင့်မျှ လက်ခံနိုင်မည်မဟုတ်ပါချေ။ ချင်းအမျိုးသားတပ်ဦးသည် ချင်းတမျိုးသားလုံး၏ အနာဂတ်ကောင်းစားရေးကို မျှော်မှန်း၍သာ တိုက်ပွဲဝင်ခြင်းဖြစ်ရကား မိမိတို့ချင်းပြည်သူတို့၏ လိုအင်ဆန္ဒမပြည့်မချင်း ဆက်လက်တိုက်ခိုက်နေရမည်သာ ဖြစ်ပါသည်။

၀၀၀၀

> ပင်လုံစာချုပ်အရ ဖွဲ့စည်းသော ပြည်ထောင်စုဆိုသည်မှာ ယခင်ဗမာဘုရင်ပိုင်နက်နယ်မြေများနှင့် သီးခြားလွတ်လပ်သော ချင်း၊ ကချင်၊ ရှမ်း နယ်မြေများပူးပေါင်းကာ တန်းတူရည်တူလွတ်လပ်မှုကို အခြေခံ၍ ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် ယင်းပင်လုံစာချုပ် ချုပ်ဆိုသည့်နေ့ရက်ဖြစ်သော ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့ကို အစွဲပြု၍ ပြည်ထောင်စုနေ့အဖြစ် နှစ်စဉ် ကျင်းပလေ့ရှိသည်။

# ဆလိုင်း မိုင် လှုပ်ရှားမှု အနှစ် (၄၀) ခရီး

**Salai Kipp Kho Lian**

## (၁) သေဆုံးခြင်း၊ ကျဆုံးခြင်း နဲ့ မွေးဖွားခြင်းတို့၏ အစ

သမိုင်း ရေစီးကြောင်းလေး တခု၊ လှိုင်းဂယက်ကလေးတခု၊ ချင်းလူငယ်တွေရဲ့ နလုံးသည်းပွတ်ထဲမှာ စတင်ရိုက်ခတ်သွားတဲ့ နေ့ကတော့ ၁၉၈၆ ခုနှစ်၊ ဂျွန် (၂၆) အင်းစိန်ထောင်ထဲမှာ သူရဲကောင်းတစ်ဦး အသက်စတေးပြီး အသက်ထွက်သွားတဲ့ တဒင်္ဂအခိုက်အတန့်လေးကို...
ကမ္ဘာတည်သရွေ့ ရှင်သန်တော့မယ့် ဆလိုင်း မိုင် လှုပ်ရှားမှုရဲ့ အစရယ်လို့ သမိုင်းမှတ်တမ်းတင်မယ်ဆိုရင် မတော်မတရား ပုံးကြီးချဲ့တတ်ရန်ကောလို့တော့ ကောက်ချက်မချ လိုက်ကြပါနဲ့။

အမှောင်ထုကြီးထဲကို အလင်းတန်းတွေ မကျခင် မနက် (၄) နာရီအချိန် အင်းစိန်ထောင် အထူးတိုက် အမှတ် (၁) အခန်း (၁) ထဲကနေ လူသူမသိအောင် ခေါ်ထုတ်ပြီး သူ့ကို တိတ်တဆိတ်စတေးလိုက်ကြတာပဲ၊ ဘယ်သူက သိလိုက်လို့လဲလို့ ကန့်တက်ချင်ကြမယ်...
အဲဒီအခိုက်အတန့်ဟာ သေဆုံးခြင်း၊ ကျဆုံးခြင်းပဲရှိတယ်၊ မွေးဖွားခြင်းမရှိဘူးလို့ ကန့်တက်ချင်ကြမယ်...ဟုတ်ပါတယ်... အဲဒီအခိုက်အတန့်ကလေးမှာ ငါတို့တတွေ အိပ်မောကျနေတယ်ဆိုတာကို မငြင်းပါဘူး။ ဒါပေမဲ့ သူကျဆုံးကြောင်း ကြားလိုက်ရတဲ့အခိုက်အတန့်လေးမှာ ငါတို့တွေရဲ့ အသဲနလုံးထဲမှာ နက်နက်ရှိုင်းရှိုင်း စူးနစ်ဝင်ရောက်သွားတဲ့ "ဆစ်" ခနဲ ခံစားလိုက်ရတဲ့ခံစားချက်ဟာ ကျဆုံးခြင်းရဲ့ အမှတ်သင်္ကေတနဲ့ ဆန့်ကျင်ဖက် အောင်ပွဲ၊ အောင်သံ၊ အောင်စိတ်တွေကို မွေးဖွားပေးခဲ့တယ်ဆိုတာ သမိုင်းမှာ ဘယ်သူ ငြင်းဝံ့လို့လဲ။

ကြေကွဲ ဝမ်းနည်းတဲ့ နွမ်းလျလျ နလုံးသားတွေကြားကနေ အားယူပြီး ဆလိုင်းတင်မောင်ဦး စိတ်ဓါတ် မိုင်ပိုပို ရဲ့စိတ်ဓါတ် ဆလိုင်း မိုင် စိတ်ဓါတ်တွေ ငါတို့ရဲ့ အတွေးတွေထဲမှာ၊ နလုံးသားတွေထဲမှာ ဆလိုင်းမိုင် လှုပ်ရှားမှုအသွင်နဲ့ စတင်ပြီး အညွန့်တလူလူ လှုပ်ရှားရှင်သန် အသက်ကလေး ဖုတ်လိုက်ဖုတ်လိုက်နဲ့ အားယူလှုပ်ရှားလာခဲ့ကြတာဟာ ......
ဒီနေ့ဆိုရင် အနှစ် (၄၀) ကြီးများတောင် ကြာသွားပြီမဟုတ်လား။

Posted on Facebook 21 April, 2015

## (၂) ဆလိုင်း မိုင် သမိုင်း ရှေ့ပြေး

၁၉၆၉ ခုနှစ် ရန်ကုန်မှာ ကျင်းပတဲ့ (၅) ကြိမ်မြောက် ကျွန်းဆွယ် အားကစားပွဲမှာ Hrang Kham, Dawla, Nini တို့က လက်ဝှေ့ပွဲတွေမှာ ဗိုလ်ဆွဲခဲ့လို့ တနိုင်ငံလုံး ဂုဏ်ယူလို့မဆုံး၊ ဟိုးလေးတကျော် ဖြစ်လာချိန်မှာပဲ၊ ရန်ကုန်တက္ကသိုလ် ကျောင်းပရဝုဏ်ထဲမှာ အတွေးအမြင်လေးတခု လူငယ်မျိုးဆက်သစ်တွေရဲ့ နလုံးသားထဲမှာ စတင်လှုပ်ရှားခဲ့တယ် တိုင်းပြည်ရဲ့လက်ဝှေ့

သူရဲကောင်း (၃) ဦးစလုံးဟာ ချင်းအမျိုးသားတွေ ဖြစ်တယ်ဆိုတာကို တနိုင်ငံလုံးက သိပါစ? ငါတို့ ချင်းတွေအားလုံးလည်း ရှမ်း နာမည်ရှေ့မှာ "စိုင်း" တို့ "နန်း" တို့ တပ်သလို ကရင်က "စော" တို့ "နော်" တို့ တပ်သလို အားလုံးသုံးတဲ့ အမျိုးသားသင်္ကေတ တခုရှိကြရင်ကောင်း မှာပဲ ဆိုတဲ့အတွေး၊ ဆန္ဒ လှိုင်းလေးတခုပေါ့။ ဒါကတော့ ဆလိုင်း မိုင် လှုပ်ရှားမှုကို သန္ဓေတည် ဖို့ဖြစ်လာတဲ့ လှိုင်းလုံးလေးရဲ့အစသာဖြစ်ပါတယ်။ လှုပ်ရှားမှုအသွင်နဲ့ တကယ်တမ်းသန္ဓေတည် သေးတာတော့ မဟုတ်သေးဘူး၊ ဆလိုင်း မိုင် ဆိုတာကိုတောင် ဘယ်သူမှ မစဉ်းစားမိကြသေး ဘူး၊ ဆလိုင်း မိုင် ရဲ့ ရှေ့ပြေးသမိုင်းလေးတခု။

Posted on Facebook 29 April, 2015

## (၃) ခေတ်သစ် ဆလိုင်း မိုင် မျိုးစေ့

၁၉၆၂ ခုနှစ်ကစပြီး ပြည်သူရဲ့လက်ထဲကနေ အာဏာကို မတရားလုယူသိမ်းပိုက်ခဲ့တဲ့အာဏာ ရှင် ဗိုလ်နေဝင်း စစ်အစိုးရက ၁၉၆၈ ကျတော့ သူဖမ်းထားတဲ့ ဝန်ကြီးချုပ်ဦးနုကအစ နိုင်ငံရေး သမားတွေ လွှတ်တော်ကိုယ်စားလှယ်တွေကို ထောင်ကလွှတ်ပြီး အခြေခံဥပဒေရေးဆွဲရေး ဆို တဲ့ လေသံတချက် လွှင့်ခဲ့တယ်။

ပင်လုံစာချုပ် အရဖြစ်လာတဲ့ အခြေခံဥပဒေဟောင်းကို ပယ်ပြီး ဥပဒေမဲ့ အုပ်ချုပ်ရမ်းကားခဲ့ရာ ကနေ လူယဉ်ကျေးတို့လို တိုင်းပြည်ကို ပြည်သူက အုပ်ချုပ်ခွင့်ရတော့မယောင် လေသံပစ်လိုက် တယ်။ တက္ကသိုလ်က ချင်းကျောင်းသားတွေကလည်း ဒါကိုအခွင့်ကောင်းယူပြီး ချင်းလူငယ်များ အကြံပေးတင်ပြချက်ဆိုတဲ့ စာတမ်းကို တင်သွင်းခဲ့တယ်...

ဒီမိုကရေစီစံနစ်ကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတည်ထောင်ရေး၊ ချင်းဝိသေသ တိုင်းကို ချင်းပြည်နယ်အဖြစ် သတ်မှတ်ပေးရေး စတာတွေကို သမိုင်းကြောင်းနဲ့ ချီပြီး တင်ပြ တောင်းဆိုခဲ့ကြတယ်။

ချင်း ကျောင်းသားခေါင်းဆောင်တွေကတော့ ဒီတောင်းဆိုချက်တွေကို မရတဲ့အပြင် ထောင်ပါ အချခံကြရမယ်ဆိုတာ ကြိုတင်တွက်စကြပြီးဖြစ်တယ်။ ရတာမရတာထက် တိုင်းပြည်အတွက်၊ ကိုယ့်ပြည်နယ်၊ ကိုယ့်လူမျိုးအတွက်ကိုယ်ဘယ်လိုစံနစ်မျိုးလိုချင်တယ်ဆိုတာကိုရဲရဲဝံ့ဝံ့တောင်း ဆိုဖို့က အဓိက၊ ထောင်ချလည်းခံ၊ သတ်လည်းသေဖို့ အသင့်ပြင်ထားလိုက်ကြတယ်။

တို့တတွေကို စတေးပစ်ရင်လည်း ဒီစာတမ်းငယ်လေးက နောင်လာနောက်သား ချင်းလူငယ် မျိုးဆက်သစ်တွေအတွက် တိုက်ပွဲခေါ်သံအဖြစ် သမိုင်းအမွေတခုတော့ ကျန်ရစ်ခဲ့မယ်ဆိုတဲ့ နိုင်ငံရေးအသိ၊ အမျိုးသားရေး သတိရှိရှိနဲ့ ချင်းလူငယ်တို့ရဲ့ ဖက်ဒရယ်လှုပ်ရှားမှုကို စတင်ခဲ့ကြ တယ်။ ရန်ကုန်တက္ကသိုလ် ကျောင်းပရဝုန်ထဲကနေ စတင်လှုပ်ခတ်ခဲ့တဲ့ အဲဒီ ဖက်ဒရယ် လှုပ် ရှားမှုဟာ ချင်းပြည်အနှံ့ ရိုက်ခတ်ခဲ့တယ်။

ခေါင်းဆောင်တွေ ကြိုတင် ထင်ထားတွက်ထားတဲ့အတိုင်းပါပဲ ဗိုလ်နေဝင်းစစ်အစိုးရက ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ကစပြီး ဒီဇင်ဘာလအထိ ချင်းလူငယ်များ အကြံပေးတင်ပြချက်ကို လက်မှတ်ရေးထိုးခဲ့သူတွေနဲ့ ဖက်ဒရယ်စာတမ်းများကို တင်သွင်းခဲ့ကြတဲ့ ချင်းခေါင်းဆောင်တွေ၊ မဆလ ပါတီဝင်တွေ၊ စစ်ဖက်၊ နယ်ဖက်က ချင်း ဝန်ထမ်းတွေအပါအဝင် ချင်းကျောင်းသားခေါင်းဆောင်တွေ စုစုပေါင်း (၆၀) ကျော်ကို စတင်ပြီး ဖမ်းလိုက်ကြတယ်။ တပြည်လုံးအတိုင်းအတာ ဖက်ဒရယ်အရေး၊ ဒီမိုကရေစီအရေး စာတမ်းတင်သွင်းသူတွေကို ဖမ်းခဲ့တာ ၁၅၀၀ ဦးလောက်ရှိတယ်လို့ ခန့်မှန်းကြတယ်။

အခြေခံဥပဒေရေးရာတပြည်လုံးအတိုင်းအတာစာတမ်းပေါင်း(၁၁၁)စောင်အနက်ချင်းပြည်နယ်ရရှိရေး၊ ဖက်ဒရယ်နိုင်ငံထူထောင်ရေး စာတမ်းပေါင်း (၇၅) စောင်ကိုလည်း ချင်းပြည်သူတွေက ဗိုလ်နေဝင်းရဲ့ တော်လှန်ရေးကောင်စီ အစိုးရထံ တင်သွင်းခဲ့တယ်။ (**မှတ်ချက်။** ချင်းဝိသေသတိုင်း တခုတည်းကနေ တင်သွင်းခဲ့တဲ့ စာတမ်းပေါင်း (၁၅၀) ရှိပေမဲ့ (၇၅) စောင်ကိုတော့ မဆလအစိုးရက အခြေခံဥပဒေနဲ့ အကျုံးမဝင်ဘူးလို့ ယူဆခဲ့တယ်။)ဘာပဲဖြစ်ဖြစ် ရန်ကုန်တက္ကသိုလ်ချင်းကျောင်းသားတွေ စတင်ခဲ့တဲ့ ချင်း ဖက်ဒရယ်လှုပ်ရှားမှုရဲ့ ရိုက်ခတ်မှု၊ သက်ရောက်မှုအတိုင်းအတာဟာ အလွန်ကြီးမားခဲ့တယ် ဆိုတာကို သမိုင်းက မှတ်တမ်းတင်ခဲ့ပါတယ်။

၁၉၇၃ ခုနှစ် တခုလုံးမှာ ခေါင်းဆောင်တွေအားလုံးကို ဖမ်းဆီးချုပ်နှောင်ထားပြီး မဆလ ရဲ့ ဆိုရှယ်လစ်အခြေခံဥပဒေကို တက်သုတ်တိုက်အပြီး ရေးဆွဲလိုက်ကြတယ်။ ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့မှာတော့ ပြည်သူ ၉၀% ကျော်က "ထောက်ခံတယ်" ဆိုပြီး သူတို့ရဲ့ မဆလ အခြေခံဥပဒေကို အတင်းအဓမ္မ အတည်ပြုလိုက်ကြပါတော့တယ်။

၁၉၇၃ ခုနှစ် တနှစ်လုံးဟာ ချင်းခေါင်းဆောင်တွေ မြန်မာပြည်အနှံ့ ထောင်တွေတန်းတွေမှာ အချုပ်ခံနေကြရတာမို့ ချင်းပြည်သူတွေကြားမှာ မကျေနပ်မှုတွေ အမျိုးသားရေးနိုးကြွားမှုတွေ တအုံနွေးနွေး ဖြစ်နေချိန်မှာပဲ ရန်ကုန်တက္ကသိုလ် ချင်းစာပေနှင့်ယဉ်ကျေးမှု ကော်မီတီအစည်းအဝေးတခုက ချင်းအမျိုးသားအားလုံးအတွက် ယောကျ်ားအမည်ရှေ့မှာ "ဆလိုင်း"မိန်းကလေးအမည်ရှေ့မှာ "မိုင်" တတ်ဆင်သင့်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ချက်ချနိုင်ခဲ့ကြတယ်။

သမိုင်းကြောင်းရဲ့ ရေခံမြေခံအကောင်းဆုံးကတော့ ချင်းအမျိုးသားရေး ရေချိန် အထွတ်အထိပ်ကိုရောက်နေတဲ့ ၁၉၇၃ ခုနှစ်မှာ အခုလို ရန်ကုန်တက္ကသိုလ် ကျောင်းပရဝုန်ကနေ ခစယ က တညီတညွတ်တည်း ဆုံးဖြတ်နိုင်ခဲ့တာကို ခေတ်သစ် ချင်းအမျိုးသားသမိုင်းမှာ တိုက်ဆိုင်မှုသက်သက်တခုတော့ မဖြစ်တန်ကောင်းဘူးလို့ နှောင်းခေတ် သမိုင်းသုတေသီတွေအနေနဲ့ မှတ်ချက်ချကြပါလိမ့်မယ်။ Posted on Facebook 21 May, 2015

Chin Federal Movement of the 1970s could be read under the title:

Suppression of Chin national movement for federalism under Revolutionary Council and the Burma Socialist Program Party (1962-1988) – By Pu Lian Uk (MP Elect). at http://www.chinforum.info/special-feature/

## (၄) ခေတ်သစ် ဆလိုင်း မိုင် လှုပ်ရှားမှု စတင်ခြင်း

"၁၉၇၃ ခုနှစ် ခစယ အစည်းအဝေးတခုလို့ပဲ ဆိုကြပါစို့... နေ့၊ ရက်၊ လ အတိအကျတော့ မမှတ်မိတော့ဘူး" ဟု အစချီပြီး အဲဒီကာလတုန်းက ရန်ကုန် သိပ္ပံ နှင့် ဝိဇ္ဇာတက္ကသိုလ်မှာ ရူပ ဗေဒ အဓိကဘာသာ သင်ယူနေတဲ့ စီးယင်း ချင်းကျောင်းသားတဦးဖြစ်သူ Cin Za Pau က စာ ရေးသူကို ၂၀၁၄ ခုနှစ် ရန်ကုန်မှာ ဆုံတွေ့တုန်း ပြောပြခဲ့တာကတော့ .......

"တခုသော ၁၉၇၃ ခုနှစ် ခစယ အစည်းအဝေး.... ခေါင်းစဉ်ကတော့ ချင်းဘုံဘာသာစကား ပေါ်ပေါက်လာဖို့ ကြိုးပမ်းတဲ့အနေနဲ့ ချင်းဘာသာစကားတွေထဲကနေ တူညီတဲ့ စကားလုံးတွေ ကိုရွေးချယ်ပြီး black board ပေါ်မှာ စာရင်းပြုစုရင်း ချရေးကြတယ်။ မှတ်မိသလောက်တော့ ရန်ကုန်မြို့ထဲက ကျောင်းသားမဟုတ်သူတွေပါ ပါဝင်တက်ရောက်ကြတယ်။ အဲဒီလိုတူညီတဲ့ဘုံ စကားလုံးတွေကို ချရေးပြီး အတူတကွ ဝိုင်းဝန်းပြုစုနေကြတဲ့အချိန်မှာပဲ ဦး/ဒေါ်, Mr/Miss နေ ရာမှာ ဘာကို ဘုံအဖြစ် သုံးကြမလဲဆိုတဲ့ အပိုင်းရောက်လာတယ်။ ဒီကိစ္စ စဆွေးနွေးဖြစ်သွား တော့ မြိုင်လာပြီး အစက Common Language ဆိုတဲ့ ခေါင်းစဉ်ကနေ Topic က နဲနဲပြောင်း သွားတယ်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်တက်နေတဲ့ ဖလမ်းကျောင်းသားတဦးဖြစ်သူ Thawng Luai Mang က Lia & Taang ကို ဘုံသုံးအဖြစ်သုံးသင့်ကြောင်း အဆိုတင်သွင်းခဲ့တယ်။ စီးယင်းကျောင်းသားတွေက ၁၉၆၄ ခုနှစ်မှာထုတ်တဲ့ Nikonghong Magzine မှ စတင်အသုံးပြု ခဲ့ရာကနေ အခုအချိန်မှာ တီးတိန်နယ်တခုလုံးကလည်းလိုက် သုံးနေကြပြီးဖြစ်ကြောင်းတင်ပြ ခဲ့တယ်။ ဖလမ်းနယ်လည်း အဲဒီအချိန်မှာ Leng & Valကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေကြ ပြီဖြစ်တယ်။ ဟားခါးဖက်မှာလည်း Nu & Pa ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပြီဖြစ်တဲ့ အပြင် Nu & Pa ဆိုတဲ့ဝေါဟာရက ချင်း အားလုံးလိုလိုမှာ တူညီနေတာဖြစ်ကြောင်း၊ ချင်းအမည် တွေရှေ့မှာ Nu & Pa ကို ဘုံသုံးအဖြစ် သတ်မှတ်နိုင်ရင် သင့်တော်ကြောင်းစသည်ဖြင့် အသီး သီး အယူအဆကိုယ်စီ တင်ပြဆွေးနွေးကြတယ်။ အဲဒီအချိန်မှာ ကျွန်တော် တင်ပြတာကတော့ ကျွန်တော်တို့ တောင်ပေါ် ချင်းတွေအနေနဲ့ အမည်ရှေ့မှာ ကျား /မ ခွဲခြားပေးတဲ့ သင်္ကေတ prefix တွေစသုံးကြတာ မနေ့တနေ့ကမှ စတင်ခဲ့တာဖြစ်ပေမဲ့ ချင်း အမှတ်သင်္ကေတအဖြစ်လူ သိများပြီးသားကတော့ မြေပြန့် ချင်းညီအစ်ကိုတွေ အသုံးပြုပြီးသား ဆလိုင်း နဲ့ မိုင် ဆိုတာရှိပြီး သားပါ။ တပြည်လုံးအတိုင်းအတာလည်း လူသိများပြီးသား၊ နောက်ပြီး အခုအချိန်မှာ တက္ကသိုလ် တွေမှာ ပါမောက္ခတွေ လုပ်နေကြတဲ့ ဒေါက်တာ ဆလိုင်းထွန်းသန်း၊ ဒေါက်တာ မိုင်စောခင် တို့ လည်း ရှိနေတယ်။ ဒါကိုပဲ ဝိုင်းပြီး လိုက်သုံးလိုက်ရင် ပြီးတာပဲလို့ တင်ပြဆွေးနွေးတဲ့အခါမှာအများ စုကလက်ခံပြီး အဲဒီမှာတင် သူတို့စာအုပ်တွေပေါ်မှာ ဆလိုင်းတွေဘာတွေ တခါထဲတပ်ပြီး ရေး ထိုးကြတဲ့သူတွေတောင် ရှိတယ်။" Cin Za Pau ပြောပြခဲ့တာကတော့ ဒီလောက်ပါပဲ။

ဒီပြောပြချက်အပေါ်မှာ ရောင်ပြန်ဟပ်ကြည့်တော့ တောင်ပေါ်ချင်းတွေက မိမိတို့ဒေသအလိုက် ကွဲပြားခြားနားတဲ့ အမည်ရှေ့ အမျိုးသားအမှတ်သင်္ကေတတွေ စတင်သုံးနေကြပြီဖြစ်ပေမဲ့၊ မိမိ တို့ အသီးသီး ခင်တွယ်တဲ့ ကြိုက်နှစ်သက်တဲ့ အမှတ်သင်္ကေတတွေကို အသီးသီး စွန့်လွှတ်ကြ

ပြီး မြေပြန့်ညီအစ်ကိုတွေက ကြာမြင့်စွာက စတင်သုံးခဲ့ပြီး၊ တပြည်လုံးအတိုင်းအတာလည်းလူသိများပြီးသားဖြစ်တဲ့ ဆလိုင်း နဲ့ မိုင် ဆိုတာကို သုံးကြဖို့ ဆုံးဖြတ်ချက် ချနိုင်ခဲ့ကြတာဟာလည်း စွန့်လွှတ်မှု၊ ပေးဆပ်မှု တမျိုးပေပဲ....လို့ သုံးသပ်မိပါတယ်။

တနည်းအားဖြင့် ဒီလိုပေးဆပ်မှုမျိုးဟာ ချင်းအမျိုးသားထုရဲ့ အတွင်းအဇ္ဈတ္တသန္တာန် ထဲမှာ နှစ်ရှည်လများ ကိန်းအောင်းနေခဲ့တဲ့ စုပေါင်း အမျိုးသားရေးနိုးကြားမှု collective national consciousness တခုကို ပုံဖော်ပေးလိုက်တာပါပဲ။

Posted on Facebook 30 May, 2015

## (၅) ဆလိုင်း မိုင် စိတ်ဓါတ်မွေးဖွားခြင်း

ခစယ က ၁၉၇၃ ခုနှစ် အစည်းအဝေးတခုမှာ ချင်းအမျိုးသားတွေက ဆလိုင်း နဲ့ မိုင် ကို အားလုံးသုံးသင့်ကြောင်း ဆုံးဖြတ်ခဲ့တဲ့အချိန်မှာ ကျောင်းသားကိစ္စနဲ့ ဆလိုင်းတင်မောင်ဦး ကလည်း ထောင်ကျနေတဲ့အချိန် ဖြစ်တယ်။ ကျွန်တော်တို့ တခြားခေါင်းဆောင်တွေအားလုံး အယောက် (၆၀) လောက်ဟာလည်း ချင်းပြည်နယ်အရေး၊ ဖက်ဒရယ်အရေး၊ ဒီမိုကရေစီအရေးတောင်းဆိုမှုကြောင့် မြန်မာနိုင်ငံအနှံ့ ထောင်တွေတန်းတွေမှာ အဖမ်းခံထားကြရတဲ့ အချိန်လည်း ဖြစ်တယ်။ ဒါပေမဲ့ တကယ်တမ်းကျတော့ ၁၉၇၄၊ ၇၅၊ ၇၆ ခုနှစ်တွေမှာ ဆလိုင်း မိုင် လှုပ်ရှားမှုကို ပီပီပြင်ပြင် အရှိန်အဟုန်နဲ့ မစတင်နိုင်ခဲ့ကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ၁၉၇၄ ဇွန်လမှာအလုပ်သမားအရေးအခင်း၊ ၁၉၇၄ ဒီဇင်ဘာလမှာ ဦးသန့်အရေးအခင်း၊ ၁၉၇၅ ဇွန်လမှာ အလုပ်သမားအရေးအခင်း နှစ်ပတ်လည်ကျောင်းသားများရဲ့ ဆန္ဒပြပွဲ၊ ၁၉၇၆ မတ်လမှာ မှိုင်းရာပြည့် အထိမ်းအမှတ် ဆန္ဒပြပွဲ စသည်ဖြင့် အလုပ်သမား၊ ကျောင်းသားတိုက်ပွဲတွေ ဆက်တိုက်ဆိုသလို ပေါ်ပေါက်ခဲ့ပြီး ရန်ကုန်တက္ကသိုလ် ကျောင်းပရဝုန် က တိုက်ပွဲနယ်မြေ ရှေ့တန်းတခုလို ဖြစ်နေခဲ့တော့ ကျောင်းတွေကလည်း ပိတ်လိုက်ဖွင့်လိုက်မို့ ခစယ ရဲ့ ပုံမှန်လုပ်ငန်းစဉ်တွေ လှုပ်ရှားမှုတွေလည်း လည်ပတ်မှု တော်တော်လေး အားနည်းခဲ့ပါတယ်။ ဆလိုင်းတင်မောင်ဦး ကို စစ်အစိုးရက မှိုင်းရာပြည့်ပွဲ မတိုင်မီလေးမှာ ဖမ်းဆီးပြီး ၁၉၇၆ ခုနှစ်၊ ဇွန်လ(၂၆)ရက်နေ့မှာ ကြိုးပေးသတ်ဖြတ်လိုက်တဲ့ အချိန်မှာတော့ ကျွန်တော်တို့ အဲဒီကာလ သမိုင်းကို လက်တွေ့ကျကျ ဖြတ်သန်းခဲ့ရတဲ့ လူငယ်မျိုးဆက်တွေရဲ့ အသိသညာထဲမှာ နိုင်ငံရေး နိုးထမှုအသစ်တွေကိုလှုံ့ဆော်ပေးလိုက်သလို ခံစားကြရတယ်။ နိုင်ငံ့သမိုင်းတလျှောက် ဗြိတိသျှခေတ်ကစ ကျောင်းသားခေါင်းဆောင်တဦးကို အဲဒီလို ရက်ရက်စက်စက် ကြိုးပေးသတ်ဖြတ်တယ်ဆိုတာ မရှိခဲ့ဘူးတဲ့အခါကျတော့ ဒီရက်စက်မှုကြီးကိုရော၊ ဆလိုင်းတင်မောင်ဦးရဲ့ သူရဲကောင်းပီသစွာ အသက်ကိုပါပေးဆပ်သွားရတဲ့ကိစ္စကိုပါ မေ့ပျောက်ထားပြီး သွေးအေးအေးနေလို့တော့ မဖြစ်ဘူး၊ နောင်ခေတ်လူငယ်မျိုးဆက်သစ်အဆက်ဆက်အထိ ဆလိုင်းတင်မောင်ဦးရဲ့ ပြည်သူတရပ်လုံးအတွက်ပေးဆပ်မှုကိုတော့ သမိုင်းမှာ ဖျောက်ဖျက်လို့မရအောင်ကို ကဗ္ဗည်းမှတ်တမ်း တင်ကြရမယ်ဆိုတဲ့ လေးနက်တဲ့ အသိတရားတွေ ဖြစ်ပေါ်ခဲ့ကြတယ်။ အဲဒီနေ့ နောက်ပိုင်းမှာ ဖြစ်ပေါ်လာတဲ့နိုးကြားမှုအသစ်တွေကို အားယူပြီး ၁၉၇၆ - ၇၇ စာသင်နှစ်မှာစတင်ပြီး ဆလိုင်းမိုင် လှုပ်ရှားမှုကို ခစယ

ကဦးဆောင်ပြီး ပီပီပြင်ပြင် အပြင်းအထန်လုပ်နိုင်ခဲ့ကြပါတယ်။ ဆိုလိုတာက ဆလိုင်းတင်မောင်ဦးရဲ့ပေးဆပ်မှုဟာ တုံ့နှေးနေခဲ့တဲ့ ဆလိုင်းမိုင် လှုပ်ရှားမှုကို ဆလိုင်းမိုင်စိတ်ဓါတ် Salai Mai Spirit ဆိုတဲ့ နိုင်ငံရေးနိုးကြားမှု စိတ်ဓါတ်ခွန်အား အသစ်တွေနဲ့ မောင်းတင်ပြီး ပြင်းထန်တဲ့တွန်းအားတွေ ပေးနိုင်ခဲ့တယ်။ နောက်ပြီး ဆလိုင်းတင်မောင်ဦး အဖမ်းခံရတော့ သူ့ရဲ့ညီမအရင်းဖြစ်သူ (၁၇) နှစ် အရွယ်သာရှိသေးတဲ့အထက် တန်းကျောင်းသူ မိုင်ပိုပို က ရန်ကုန် စက်မှုတက္ကသိုလ်က တခြားကျောင်းသားခေါင်းဆောင်တွေနဲ့အတူ မှိုင်းရာပြည့်ချီတက်ပွဲကို ရွတ်ရွတ်ချွန်ချွန် ရှေ့တန်းကနေ မားမားမတ်မတ်ရပ်ပြီး ဦးဆောင်ခဲ့တာဖြစ်တဲ့အတွက် ချင်းကျောင်းသား လောကတခုလုံးမှာ ဆလိုင်းတင်မောင်ဦး နဲ့ မိုင်ပိုပို တို့ရဲ့ နာမည်ဟာ ရေပမ်းစားပြီး ပြောလို့မဆုံး ဖြစ်နေကြတဲ့ကာလလည်း ဖြစ်ပါတယ်။ တကြိမ်ထဲမှာ ဆလိုင်း မိုင် လှုပ်ရှားမှုကို ဆလိုင်း မိုင် စာပေလှုပ်ရှားမှုအသွင်အသစ်တခုကို ဖန်တီးပြီး ကဗျာ၊ စာညွှန့်ဆောင်းပါးတွေ စုံစုံလင်လင်နဲ့လက်ကမ်းစာစောင်တွေ၊ မဂ္ဂဇင်းတွေ အင်တိုက်အားတိုက် ထုတ်ဝေပြီး ဆလိုင်း မိုင် စိတ်ဓါတ်ကို အမျိုးမျိုးပုံဖေါ်ပြီး မြိုင်မြိုင်ဆိုင်ဆိုင် အဆက်မပြတ် ဆက်လက် လှုပ်ရှားခဲ့ကြပါတယ်။

ဒါကြောင့် ဆလိုင်းတင်မောင်ဦး ကျဆုံးခဲ့တဲ့ ၁၉၇၆ ခုနှစ်၊ ဂျွန်လ (၂၆) ရက်နေ့ဟာ ဆလိုင်း မိုင် စိတ်ဓါတ်တွေ စတင် မွေးဖွားရှင်သန်ခဲ့တဲ့ နေ့ အဖြစ် သတ်မှတ်မယ်ဆိုရင် မမှားဘူးလို့ ယူဆပါတယ်။ ကမ္ဘာမှာ ဘယ်လူမျိုးမဆို ကိုယ့်ရဲ့ သူရဲကောင်းတွေကို ဂုဏ်ပြုဖို့ မေ့လျော့ပြီး ပစ်ထားခဲ့ကြရိုးထုံးစံမရှိပါဘူး။ ဆလိုင်းတင်မောင်ဦး ရဲ့ သူရဲကောင်းစိတ်ဓါတ်တွေ ကမ္ဘာတည်သရွေ့ချင်းလူငယ် မျိုးဆက်သစ်တွေရဲ့ နှလုံးသားထဲမှာ သံမှို့စွဲသလို ထင်ကျန်ရစ်ဖို့အတွက်ကို ရည်စူးရင်း ဆလိုင်းမိုင် စိတ်ဓါတ်တွေ မွေးဖွားပေးခဲ့တဲ့ ဂျွန်လ (၂၆) ရက်နေ့ကို ဆလိုင်းမိုင် လှုပ်ရှားမှုသမိုင်းမှာ အရေးကြီးတဲ့ သမိုင်းမှတ်တိုင်တခုအဖြစ် ကဗျည်းထိုး မှတ်တမ်းတင် ကြရမှာပါပဲ။

အခုလို ဆလိုင်းတင်မောင်ဦး ကျဆုံးတာ အနှစ် (၄၀) ပြည့်ဖို့ နီးကပ်လာတဲ့အချိန်မှာ သူ ကျဆုံးတဲ့ အနှစ် (၃၀) မြောက် အထိမ်းအမှတ်အဖြစ် ရေးသားဂုဏ်ပြုခဲ့တဲ့ ဆောင်းပါးကို အောက်ပါလင့် မှာ အင်္ဂလိပ်လို နဲ့ မြန်မာလို ဖတ်ရှုနိုင်ပါတယ်။

http://www.chinforum.info/special-feature/ "Salai Tin Maung Oo – The High Flying Hornbill, Flapping Its Wings Together with Fighting Peacocks!" English Version – Burmese Version

**Posted on Facebook 2 June, 2015**

**- ဆက်လက်ဖေါ်ပြပါမည် -**

၀၀၀၀

# အနာဂတ်ချင်းပြည်အတွက် လူထုအခြေပြု လူ့အဖွဲ့အစည်း

မောင်လေး

## နိဒါန်း

နိုင်ငံရေးနှင့် လူမှုရေးသိပ္ပံပညာရှင်များက လူမှုအဖွဲ့အစည်းမှာ နိုင်ငံတော် (State), ဈေးကွက် (Market), အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society) နှင့် သတင်းမီဒီယာ (Media) စသဖြင့် အဓိကမဏ္ဍိုင် (၄) ခုရှိကြောင်း ရှုမြင်သုံးသပ်ကြပါတယ်။

Civil society ဆိုတဲ့ သဘောတရားကို လူမှုဖွဲ့စည်းပုံအမျိုးမျိုးမှာ အဓိပ္ပါယ်ဖွင့်ဆိုထားကြပြီး၊ အထူးသဖြင့် နိုင်ငံတော်နဲ့ လူ့အဖွဲ့အစည်းအကြားက ဆက်နွယ်မှုတွေမှာ အကျိုးသက်ရောက်မှုရှိတဲ့ သဘောတရားတခုအဖြစ် ယူဆထားကြပါတယ်။ Civil society သဘောတရားကို အထင်ရှားဆုံး ကိုယ်စားပြုဖော်ဆောင်တဲ့ အဖွဲ့အစည်းတွေကတော့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (non-government organizations or NGOs) တွေပဲ ဖြစ်ပြီး၊ NGO တွေကို (civil society organizations - CSOs) တွေအဖြစ်လည်း သတ်မှတ်ခေါ်ဆိုကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အရပ်ဖက် လူ့အဖွဲ့အစည်း (civil society) ဆိုတဲ့ သဘောတရားနဲ့ နိုင်ငံတော်အစိုးရတွေအပေါ် သက်ရောက်မှုတွေဟာ ၂၁ ရာစု၊ ကမ္ဘာ့ လူ့အဖွဲ့အစည်းရဲ့ ထင်ရှားတဲ့ ပြယုဂ်တွေ ဖြစ်လာခဲ့ပါတယ်။ ဘာကြောင့်လည်းဆိုရင် ပညာရှင်တွေရဲ့အဆိုအရ Civil Society ဆိုတာ နိုင်ငံတော်ရဲ့ လွှမ်းမိုးချုပ်ကိုင်မှုက လွတ်ကင်းတဲ့ လွတ်လပ်သော အစုအဖွဲ့များ ပါဝင်နေတဲ့ လူ့အဖွဲ့အစည်း တရပ်ဖြစ်ကြောင်း Charles Taylor က ဆိုခဲ့ပါတယ်။ Hall ကလည်း လူ့အဖွဲ့အစည်းက နိုင်ငံတော်ရဲ့ ပါဝင်ပတ်သက်မှုမရှိပဲ မိမိတို့ဘာသာ သီးခြားစုဖွဲ့မှု 'societal self-organization' ဟာ civil society ရဲ့ သွင်ပြင်လက္ခဏာတရပ်ဖြစ်ကြောင်း ဆိုခဲ့ပါတယ်။ တချို့ ပညာရှင်တွေကတော့ အရပ်ဘက်လူ့အဖွဲ့အစည်းဆိုတာ နိုင်ငံတော်နဲ့ လူ့အဖွဲ့အစည်းကြားက စေ့စပ်ဆွေးနွေးရေးကို လုပ်ဆောင်ပေးမယ့် mediating sphere အနေနဲ့ သတ်မှတ်ကြပါတယ်။

ပညာရှင်တွေရဲ့အဆိုအမိန့်အရ "ရူးသွပ်သူများနှင့် ပြင်းထန်သည့် နုနာရောဂါစွဲသူများမှအပ ကျန်နိုင်ငံသားတိုင်းဟာ လူ့အဖွဲ့အစည်းတခုခုတွင် ပါဝင်ပတ်သက်ကြပေသည်။" လို့ ဆိုထားပါတယ်။ ဘာကြောင့်လည်းဆိုရင် နိုင်ငံရေး လူ့အဖွဲ့အစည်း (Political Society) နဲ့ လူထုအခြေပြု အဖွဲ့စည်း(Civil Society) မှာ သာမန်လူသားတွေအနေနဲ့ ဤအသိုင်းအဝန်းနှင့် လုံးဝကင်းကွာလို့ မရနိုင်ကြတဲ့အတွက်ကြောင့် ပါပဲ။

## (၁)

နိုင်ငံရေးလူ့အဖွဲ့အစည်းမှာ တနည်းအားဖြင့် အသွင်နှစ်မျိုးထက်မနည်း ရှိနိုင်ပါတယ်။ (တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးစံနစ်နဲ့လည်း စပ်ဆိုင်မှုရှိတယ်။) ဥပမာ- ကွန်မြူနစ်စံနစ်၊

ဆိုရှယ်လစ်စံနစ်၊ အာဏာရှင်စံနစ်တို့ဖြင့် အုပ်ချုပ်တဲ့နိုင်ငံများမှာ နိုင်ငံရေးပါတီ တစ်ခုတည်းကို သာ ဖွဲ့စည်းလေ့ရှိပြီး ၄င်းရဲ့အစိုးရ (သို့မဟုတ်) နိုင်ငံတော်ရဲ့အာဏာအား ခြိမ်းခြောက်လာနိုင် ဖွယ်ရှိတဲ့ နဂိုမူလရှိပြီးသား လူထုအခြေပြုလူ့အဖွဲ့အစည်းတွေကို ဖျက်သိမ်းပြီး၊ အစိုးရရဲ့မူဝါဒ ကို ထောက်ခံအားပေးတဲ့ လက်ဝယ်ခံ လူထုအခြေပြုလူ့အဖွဲ့အစည်းများကိုသာ ဖွဲ့စည်းရပ်တည် ခွင့်ပြုထားကြတယ်။ ဉပမာ- ၁၉၆၂ ခုနှစ် ဗိုလ်နေဝင်း မှ နိုင်ငံတော်အာဏာကို သိမ်းပြီးတဲ့နောက် နိုင်ငံရေးပါတီများနှင့်အတူ လူထုအခြေပြု အဖွဲ့အစည်းတွေကိုပါ ဖျက်သိမ်းလိုက်ပြီး မဆလ တစ် ပါတီစံနစ်ကိုထောက်ခံတဲ့ လူထုအခြေပြုအဖွဲ့အစည်း အနည်းငယ်ကိုသာတပြည်လုံးအတိုင်းအ တာနဲ့ ဖွဲ့စည်းခဲ့တာကို တွေ့ရတယ်။ အဲဒါကြောင့် အာဏာရှင်အုပ်ချုပ်ရေးစံနစ်အောက်မှာ လွတ် လပ်တဲ့ Civil Society ရှင်သန်ရပ်တည်ဘို့ဆိုတာ အခွင့်အလမ်း နည်းပါးလှပါတယ်။

ဒီမိုကရေစီနိုင်ငံများမှာတော့ တိုင်းပြည်အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုအများအကျိုး အတွက် လူထုကိုယ်စားလှယ်များက ရေးဆွဲပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ အညီ နိုင်ငံရေးပါတီများ၊ လွှတ်တော်များနဲ့ အစိုးရတွေကို ဖွဲ့စည်းကြပြီး၊ အစိုးရအဆင့်ဆင့်မှာ လည်း စံနစ်တကျ အာဏာခွဲဝေမှုရှိတဲ့အတွက် လွတ်လပ်တဲ့ လူထုအခြေပြု လူ့အဖွဲ့အစည်းထွန်း ကားဘို့ရာ အခွင့်အလမ်းပိုများပါတယ်။

အထက်မှာ ဖော်ပြထားသလို လူထုအခြေပြုအဖွဲ့စည်းဆိုတာ နိုင်ငံတော်အစိုးရရဲ့ တိုက်ရိုက်ထိန်း ချုပ်မှုအောက်မှာမရှိဘဲ မိမိတို့ရဲ့ တူညီတဲ့ဆန္ဒအရနဲ့ ရည်မှန်းချက်အရ လာရောက်စုစည်းကြတဲ့ လွတ်လပ်တဲ့အဖွဲ့အစည်း၊ အစည်းအရုံး၊ အစုအဖွဲ့တွေဖြစ်ကြပြီး ထိုအဖွဲ့အစည်းတွေ၊ ကွန်ယက် တွေအနေနဲ့ အားကောင်းလာပါက နိုင်ငံတော်အစိုးရရဲ့ အာဏာကို ကန့်သတ်ထိန်းညှိနိုင်မယ့် (သို့မဟုတ်) တရားမျှတမှုမရှိတဲ့ အစိုးရတွေကို ဖြုတ်ချနိုင်တဲ့အထိ စွမ်းဆောင်လာနိုင်မယ့် စွမ်း ရည်တွေရှိသလို၊ အစိုးရထက် လူထုအပေါ်မှာ ပိုပြီးလွှမ်းမိုးမှုရှိတဲ့အတွက် အာဏာရှင်ဆန်တဲ့ အစိုးရတွေမှာ Civil Society အားကောင်းအောင်လုပ်ခြင်းဟာ အစိုးရဲ့အာဏာကိုကန့်သတ်ပစ် လိုက်ရာရောက်တာမို့ မြန်မာနိုင်ငံလို အစိုးရမျိုးက Civil Society ကို တောက်လျှောက်ဆန့်ကျင် ပိတ်ပင်လာခဲ့ခြင်းလည်း ဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေးကို နောက်ကျောင်းပြန်ပြီး တချက်ပြန်ကြည့် မယ်ဆိုရင် လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်မှာတောင် ရန်ကုန်၊ မန္တလေးစတဲ့ မြို့ ကြီးတွေမှာ ကျောင်းသားသမဂ္ဂ၊ အလုပ်သမားသမဂ္ဂများက လွဲလို့ အားကောင်းတဲ့ Civil Soci- ety များဟူ၍ မရှိသလောက် ဖြစ်နေတာကို တွေ့ရပါတယ်။

(၂)

ဒီမိုကရေစီစံနစ်ဆိုတာ နေ့ချင်းညချင်း ပြောင်းလဲတည်ဆောက်လို့မရသလို နိုင်ငံရေးလူ့အဖွဲ့အ စည်းတခုတည်းကိုသာ အားကိုးအားထားပြု၍ မရပါ။ နိုင်ငံရေးပါတီများ ဖွဲ့စည်းပြီးရွေးကောက် ပွဲတွေ ကျင်းပရုံသက်သက်နဲ့လည်း ဒီမိုကရေစီ မမည်ပါ။ ဒီမိုကရေစီယဉ်ကျေးမှု ရှင်သန်စေ မယ့် လူထုအခြေပြု အဖွဲ့အစည်းကိုပါ အခိုင်အမာ ဖွဲ့စည်းတည်ဆောက်ဘို့ အင်မတန် အရေး

ကြီးပါတယ်။ လူထုအခြေပြုအဖွဲ့အစည်းအတွင်း ဒီမိုကရေစီယဉ်ကျေးမှု ကောင်းစွာထွန်းကားရင် နိုင်ငံရေး လူ့အဖွဲ့အစည်းကိုပါ များစွာအကျိုးပြုမယ်။ အဲဒါကြောင့် NGO လုပ်ရင် နိုင်ငံရေးမလုပ်ရဘူးဆိုတဲ့ အမြင်မျိုးကို ဖျောက်ဖျက်သင့်ပါပြီ။

ဆိုလိုတာကတော့ နိုင်ငံရေးလူ့အဖွဲ့အစည်းအတွင်းမှာ ဝင်ရောက်လှုပ်ရှားရမယ်လို့ မဆိုလိုပါ။ စစ်မှန်တဲ့ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း တည်ဆောက်နိုင်ဘို့အတွက် Civil Society ဟာ အရေးကြီးသလို ဒီမိုကရေစီယဉ်ကျေးမှုတည်ဆောက်နိုင်ရေးအတွက် အစိုးရနဲ့ပူးပေါင်းဆောင်ရွက်ရမယ့် အပိုင်းတွေလည်း ရှိတယ်။ ဥပမာ- ဆွီဒင်နိုင်ငံရဲ့ နိုင်ငံရေး လူ့အဖွဲ့အစည်းဟာ ချစားမှုကင်းပြီး လူထုကို တာဝန်ခံမှု အပြည့်အဝရှိတယ်။ အကြောင်းကတော့ နိုင်ငံရေးသမားများနဲ့ အုပ်ချုပ်ရေး (အစိုးရ) ဝန်ထမ်းများအားလုံးတို့ဟာ ငယ်ရွယ်စဉ် ကာလကတည်းက ဖြတ်သန်းလာခဲ့တဲ့ လူထုအခြေပြုလူ့အဖွဲ့စည်းရဲ့ ပြုစုပျိုးထောင်မှုကြောင့် ပါပဲ။

ဒီမိုကရေစီယဉ်ကျေးမှုကို အလွယ်ကူဆုံးပြောရရင် လူတိုင်းလူတိုင်းမှာ တန်းတူတဲ့ "လူ့တန်ဘိုး" ရှိရမယ်။ "တန်းတူအခွင့်အရေး" ရှိရမယ်။ လူ့အဖွဲ့အစည်းအတွင်း "လွတ်လပ်စွာ ပါဝင်ဆောင်ရွက်၊ တာဝန်ယူခွင့်" ရှိရမယ်။ လူမျိုးတိုင်းက "ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်" ရှိရမယ်။ ဤအရာများဟာ ဒီမိုကရေစီရဲ့ အခြေခံအုတ်မြစ်တွေပါပဲ။

အဲဒီလိုပဲ လူထုအခြေပြုလူ့အဖွဲ့အစည်းမှာ "လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်" ဆိုတဲ့ အခွင့်အရေးအောက်မှာ ဆောက်လုပ်ရေး အလုပ်သမားသမဂ္ဂ၊ စက်ရုံအလုပ်ရုံ အလုပ်သမားသမဂ္ဂ၊ ကျောင်းဆရာဆရာမများသမဂ္ဂ စသဖြင့် အမျိုးမျိုးဖွဲ့ပြီး၊ အလုပ်သမားများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး၊ အလုပ်ရှင်မှ အလုပ်သမားများအပေါ် ခေါင်းပုံဖြတ်မှု ပပျောက်ရေး။ အလုပ်သမားလစာ၊ လုပ်ငန်းခွင် စည်းမျဉ်းစည်းကမ်းများ၊ အလုပ်သမားခန့်ထားခြင်း၊ ထုတ်ပယ်ခြင်း စတဲ့ ကိစ္စတွေကို အလုပ်ရှင်နဲ့ အလုပ်သမားများအကြား စေ့စပ်ညှိနှိုင်းခြင်းတွေ ပြုလုပ်ပေးတယ်။ ကျောင်းသားသမဂ္ဂတို့မှာဆိုရင် ကျောင်းသားရေးရာကိစ္စအဝဝ၊ လူမှုရေးကိစ္စတွေအပြင် ကျောင်းသား/သူများ စာမေးပွဲတွင် စာခိုးချမှုတွေကိုပါ ဆရာ/မ များနဲ့ ပူးပေါင်းတိုက်ဖျက်ခြင်း၊ သင်ရိုးညွှန်းတမ်းရေးဆွဲတဲ့အခါ ပါဝင်ဆွေးနွေး အကြံပေးခြင်း၊ အစိုးရရဲ့ ပညာရေးစံနစ်မြှင့်တင်ရေးဆိုင်ရာနဲ့ ပညာရေးဆိုင်ရာ စီမံခန့်ခွဲမှုတွေပါ လုပ်ဆောင်တတ်ကြပါတယ်။ ဒီလိုပဲ ကျား/မ တန်းတူရေး၊ နာရေးအသင်း၊ လူငယ်နဲ့ အမျိုးသမီးအဖွဲ့၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ အစရှိသဖြင့်... ဖွဲ့စည်းပြီး အစိုးရရဲ့ အဂတိလိုက်စားမှု၊ မတရားလုပ်ရပ်များ၊ ပြည်သူများ ထိခိုက်နစ်နာစေမယ့် အရေးကိစ္စတွေကို ဆန့်ကျင်သလို၊ ပြည်သူများအား ပညာပေးဟောပြောမှုများ ပြုလုပ်ပေးခြင်းအားဖြင့် ပြည်သူတွေအသိအမြင် ပွင့်လင်းကျယ်ပြန့်လာအောင် မီးမောင်းထိုးပြတယ်။ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်သင့်တဲ့ အရာမျိုးတွေမှာလည်း ပူးပေါင်းဆောင်ရွက်ရပါတယ်။

## နိဂုံး

ယနေ့ ချင်းပြည်ရှိ ချင်းလူထုအခြေပြုအဖွဲ့အစည်း တော်တော်များဟာ (ချင်းအမျိုးသားတပ်ဦး နှင့် နိုင်ငံတော်အစိုးရ အပစ်အခတ်ရပ်စဲရေး လက်မှတ်မထိုးခင်)အထိ နယ်မြေရပ်ခြားမှာပဲ ဖွဲ့စည်းကြတဲ့အတွက် ဒီမိုကရေစီလူ့ဘောင်သစ် ထွန်းကားရေးကို အကောင်ထည်ဖေါ်ဆောင်ရာမှာ အလွန့်အလွန် အားနည်းနေသေးတယ်။ တချို့ပြည်တွင်းမှာ အခြေစိုက်တဲ့ (နယ်မြေဒေသတစ်ခုအတွင်းသာ ခြုံပြီး ဖွဲ့စည်းထားတဲ့) အသင်းအဖွဲ့လေးတွေရှိပေမဲ့ Civil Society ရဲ့ အနှစ်သာရကို သဘောပေါက်နားလည်မှု အားနည်းနေသေးတာကို တွေ့ရတယ်။

လက်ရှိ အခြေအနေအရ ဒီမိုကရက်တစ် နိုင်ငံရေးလူ့အဖွဲ့အစည်းကို အခြေခံပြီး၊ ခိုင်မာတဲ့ ချင်းလူ့အဖွဲ့အစည်းတခုကို ပီပီပြင်ပြင် ရှိထားဘို့လိုအပ်နေသလို နဂိုမူလ ရှိပြီးသား ချင်းလူထုအခြေပြုအဖွဲ့အစည်းများ (ဥပမာ- ချင်းကျောင်းသားသမဂ္ဂ၊ ချင်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ ချင်းအမျိုးသမီးအဖွဲ့ချုပ် နှင့် ချင်းအလုပ်သမားသမဂ္ဂ) စတာတွေကိုလည်း ချင်းပြည်လုံးဆိုင်ရာအဖွဲ့အစည်းများအဖြစ် စံနစ်တကျ ရပ်တည်နိုင်ရေး ဆောင်ရွက်သင့်နေပါပြီ။ အဲဒါဟာ အနာဂတ်ချင်းလူထုအတွက် ချစားမှု ကင်းရှင်းပြီး၊ အဂတိလိုက်စားမှုကင်းမဲ့တဲ့ နိုင်ငံရေးလူ့အဖွဲ့အစည်း ဖြစ်လာနိုင်ဘို့အတွက် ဦးဆောင်လမ်းပြနိုင်စွမ်းသော၊ နိုင်ငံရေးသမားကောင်းများကို မွေးထုတ်ပေးနိုင်တဲ့ အလုပ်ရုံတရပ်အဖြစ် ရပ်တည်ပြီး၊ ချင်းပြည်သူတရပ်လုံးကို မီးမောင်းထိုးပြနိုင်မယ့် ချင်း လူထုအခြေပြု လူ့အဖွဲ့အစည်း ဖြစ်လာပါမယ်။

ချင်းနိုင်ငံရေးလူ့အဖွဲ့အစည်းနှင့် ချင်းလူထုအခြေပြုအဖွဲ့အစည်း စံနစ်တကျ ထွန်းကားမှသာလျှင် ချင်းလူမျိုး၏ အမျိုးဂုဏ်နှင့် ဇာတိဂုဏ် မြှင့်တက်မှာဖြစ်ပြီး ချင်းစာပေယဉ်ကျေးမှု၊ အမွေအနှစ်၊ ဘာသာစကား စတာတွေကို ကောင်းမွန်စွာထိန်းသိမ်းနိုင်မှာ ဖြစ်တယ်။ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ကို အနိမ့်ဆုံးအဆင့်က လက်တွေ့ကျင့်သုံးခြင်းဟာ ဒီမိုကရေစီလူ့ဘောင်သစ်ကို စတင်တည်ထောင်ခြင်းဖြစ်ပြီး အစိုးရကို ရန်မူပုန်ကန်တာ မဟုတ်ပေ။

**Human Rights and Legal Training Team မှ ၂၀၀၂ ခုနှစ်တွင် ဝိတိုရိယစခန်း၌ ပြုလုပ်သော " ဒီမိုကရေစီနှင့်လူ့အခွင့်အရေး " ရက်တိုသင်တန်းမှ မိမိ၏ မှတ်စုတချို့ပါ အချက်အလက်များအား ပြန်လည် ကိုးကား၍ ရေးသားမှုဝေခြင်း ဖြစ်ပါသည်။**

၀၀၀၀

# စစ်မတိုက်ချင်သော ဒန် မျိုးနွယ်စု
## (တရားသူကြီး ၅း၁၇)

By **Lingshalom**

ဒန် သည် ယာကုပ် (ဣသရေလ)၏သား ၁၂ ဦးထဲမှ ၇ ယောက်မြောက်သော သားဖြစ်သည်။ ယာကုပ်၏ သားများ ၁၂ ဦးကိုခြံ၍ ဣသရေလ လူမျိုးဟုခေါ်သည်။ ၁၂ ဦး၏အမည်အသီးသီးကို အစွဲပြုပြီးမျိုးနွယ်စု အသီးသီးအဖြစ် ရပ်တည်ကြသည်။ ယာကုပ် ခေါ် ဣသရေလ၏ သား ၁၂ ဦး၏ အမည်များမှာ ရုဗင်၊ ရှိမောင်၊ လေဝိ၊ ယုဒ၊ ဣသခါ၊ ဇာဗုလုန်၊ ဒန်၊ ယောသပ်၊ ဗယ်္ာမိန်၊ နဿလိ၊ ဂဒ်၊ အာရှ (I Cro 2:1) တို့ ဖြစ်ကြသည်။

ထိုအချိန်ကား ဣသရေလ လူမျိုးတို့မှာ ရှင်ဘုရင်မရှိသေးသဖြင့် တရားသူကြီးများခေတ်ဟု ခေါ်ရပေမည်။ တရားသူကြီးများခေတ်တွင် ဣသရေလလူမျိုးတို့သည် ရန်သူများ၏ ကျူးကျော် ဖိနှိပ်ခြင်းကိုခံခဲ့ရသည်။ ဣသရေလ တို့တွင် လူစွမ်းကောင်းများပေါ်ထွန်းပြီး ထိုရန်အပေါင်းကို ကာကွယ်နိုင်ခဲ့ကြသည်။ လူစွမ်းကောင်း တရားသူကြီးများတွင် ပရောဖက်မ ဒေဗောရ သည် လည်း ပါဝင်ခဲ့သည်။ သူမ၏ သက်တမ်းကာလတွင် ခါနန်ရှင်ဘုရင် ရာဘင် က သူ့လူတို့အား ဣသရေလ လူမျိုးတို့ကို လုယက်သတ်ဖြတ်ရန် စေလွှတ်ခဲ့သည်။ သူမသည် ယောကျ်ားကဲ့သို့ စစ်တိုက်ရန် စစ်ဝတ်တန်ဆာဝတ်ဆင်ထားသည့် စစ်သားမဟုတ်သော်ငြားလည်း ဘာရတ် ၏ ကွပ်ကဲဦးစီးမှုအောက်တွင် စည်းရုံးရေးဆင်းပြီး ဣသရေလ လူမျိုးတို့ကို သွေးစည်းညီညွတ်စေ ခဲ့သည်။ လူမျိုးနွယ်စုတစ်စုချင်းဖြင့် တော်လှန်ခုခံ၍မရသော ဆီးရီးယား ရန်သူကို စုပေါင်းအင် အားဖြင့် ခုခံတော်လှန်တိုက်ခိုက်ရန် ဒေဗောရ က စည်းရုံးလှုံ့ဆော်ပြီး အောင်မြင်မှုရခဲ့သည်။ သူမ၏ စည်းရုံးရေးအား ဣသရေလ လူမျိုးနွယ်စုများ၏ တုံ့ပြန်မှုမှာ အလွန်စိတ်ဝင်စားစရာ ကောင်းပါသည်။ တချို့က ငြင်းခဲ့ကြသည်။ တချို့က ထောက်ခံခဲ့ကြသည်။

ထိုကာလတွင် ဒန် လူမျိုးတို့သည် ရေကြောင်းကုန်သွယ်ရေးဖြင့် စီးပွားရှာ၍ အောင်မြင်နေ ချိန်ဖြစ်သည်။ သင်္ဘောကြီးများဖြင့် နိုင်ငံရပ်ခြားသို့ သွားလာကူးသန်း ကုန်သွယ်ခဲ့ကြသည်။ သင်္ဘောကြီးများကို ဆိုင်ကြီးသဖွယ် အသုံးပြုလျက် လူထုများထံ တိုက်ရိုက်ကုန်ရောင်းကြသည်။ ဝင်ငွေကောင်းလွန်းသဖြင့် ငွေလုံးငွေရင်းတွေ ရေတွက်ပြီး ငွေနှင့်လုံးပတ် အလုပ်ရှုပ်နေကြ သည်။ ထိုအချိန်တွင် ဒန် ထံသို့ အရေးပေါ်စာတစောင် ရောက်လာသည်။

ချစ်သော ဒန် .....
ခါနန်ရှင်ဘုရင် ရာဘင်သည် သိသရ ကိုစေလွှတ်၍ ဣသရေလလူမျိုးတို့ကို အကြီးအကျယ် ဖျက်ဆီးနေတယ်။ ကျွန်တော်တို့ကလည်း အစွမ်းကုန် တတ်နိုင်သလောက် ခုခံစစ် ပြန်လည်

ဆင်နွဲနေပါတယ်။ အရေးပေါ် အကူအညီ လိုအပ်နေပါတယ်။ လူမျိုးနွယ်စုအားလုံးက စည်းစည်းလုံးလုံးနှင့် ရန်သူကို တွန်းလှန်တိုက်ခိုက် ရပါလိမ့်မယ်။ အခု လာရောက်ကူညီပါ။ သင် မလာရောက်ပါက ကလာသရေလ လူမျိုးများ သေကြေပျက်စီးကုန်လိမ့်မယ်။ ကျေးဇူးပြု၍ ချက်ချင်း အကြောင်းပြန်ပါ။

ဒေဗောရ

(ကလာသရေလ တရားသူကြီး)

ဤစာကို မြင်သောအခါ စီးပွားရေးသမား "ဒန်" သည် အလွန်စိတ်လှုပ်ရှားလာသည်။ ပြင်းပြင်းထန်ထန်စစ်တိုက်နေကြမည့် ကုန်းဘက်ကိုသာ စဉ်းစားနေတော့သည်။ စစ်ဘေးကြောင့် အော်ဟစ်ပြေးလွှားသူများကို သွားပြီး မြင်ယောင်နေမိသည်။ သူ့ရွှေ၊ ငွေ၊ ဥစ္စာ၊ ပစ္စည်းများကို ဒီအတိုင်းထားခဲ့ရင် ဖြစ်ပါ့မယ်လား?......အောင်မြင်နေသည့် သူ့စီးပွားရေးကို စွန့်သွားရမယ်လား....? သူ့အတွေးက ပူနေတော့သည်။ သူ့စိတ်ထဲတွင် အရှုံးများသာ ပေါ်နေသည်။ သို့သော် သူရထားသည့် စာကလည်း သူ့ကို ခြောက်လှန့်နေသည်။ ရန်သူ ခါနန် တို့သည်လည်း သူ၏ဖေါက်သည်များဖြစ်ကြသည်ကို သွားသတိရ၍ ငွေထုပ်တွေကို စစ်သားသစ်စုဆောင်းရေးမှူးလက်ထဲ ထည့်လိုက်သည်။ "ငါတကယ်ကူညီချင်ပါတယ်ကွာ...ငါကိုယ်တိုင် မလာနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်။ သူမကို မူအရထောက်ခံပါတယ်။ သူမရဲ့ ရည်မှန်းချက်တွေလည်း ကောင်းပါတယ်လို့ "ဒေဗောရ" ကို ပြောပေးလိုက်ပါ" ဆိုပြီး စစ်သားသစ်စုဆောင်းရေးမှူးကို ပြန်လွှတ်လိုက်သည်။ သူ့ညီအစ်ကိုများ တညီတညွတ်တည်း စစ်တိုက်ရန် ပြင်ဆင်တန်းစီနေချိန်တွင် "ဒန်" သည် သူ့စီးပွားရေးနဲ့ သူ့ရွှေ၊ ငွေ၊ ဥစ္စာတွေနဲ့သာ အလုပ်ရှုပ်နေသည်။ သူ့ညီအစ်ကိုများ ကလာသရေလ လူမျိုးအတွက် အသက်ပေး အသေခံနေချိန်တွင် ကိုယ်ကျိုးရှာပြီး သူ့သင်္ဘောနဲ့သာ အလုပ်ရှုပ်နေသည်။

အာရှုကျတော့ "ဒန်" လိုမဟုတ်ဘူး။ အင်အားကုန်ခန်းပြီး ကြောင့်ကြမှုများနဲ့ ဒေဗောရ စေလွှတ်တဲ့ စစ်သားသစ်စုဆောင်းရေးမှူး "အာရှု" ထံ ရောက်လာခဲ့ကြသည်။ အာရှု၏ တုန့်ပြန်မှုက "ခွင့်လွှတ်ပါ။ အနားယူရန် လိုအပ်နေတယ်။ ကျူပ်အနားယူမယ့် အစီစဉ်ကို မဖျက်နိုင်ပါဘူး။ မတတ်နိုင်ပါဘူးကွာ" ဆိုပြီး ကမ်းခြေတွင် ဆက်အနားယူနေသည်။ "အားတော့နာပါတယ်" ဆိုပြီး စစ်သားသစ်စုဆောင်းရေးမှူးကို ပြန်လွှတ်လိုက်တယ်။ "အာရှု" ဟာ အလုပ်ကြိုးစား လုပ်ကိုင်မှုကို အကြောင်းပြပြီး စစ်တိုက်ရန် အချိန်မပေးနိုင်ခဲ့ပါ။

ဒေဗောရ၏ စစ်သားသစ်စုဆောင်းရေးမှူးသည် စာနဲ့အတူ "နဿလိ" နှင့် "ဇာဗုလုန်" ထံ ရောက်ရှိခဲ့သည်။ "နဿလိ" နှင့် "ဇာဗုလုန်"တို့သည် နေပူကျဲကျဲအောက် လယ်ကွင်းပြင်တွင် တနေ့တာ ကုန်ဆုံးချိန်ကို မျှော်လင့်ရင်း၊ မိသားစုနဲ့အတူ ပျော်ရွှင်ခြင်းများကို မျှော်လင့်ရင်းနဲ့အလုပ်လုပ်နေကြသည်။ စာဖွင့်ဖတ်ကြပြီးသောအခါ အကျိုးအကြောင်း၊ အခြေအနေသိသဖြင့်

စစ်တိုက်ရန် ချက်ချင်း ဆုံဖြတ်နိုင်ခဲ့ကြသည်။ အဆုံးတိုင်အောင် ကူညီမယ်။ ကျုပ်တို့ ချက်ချင်း လိုက်လာမယ်ဟု ဒေဗောရ ကိုအကြောင်းပြန်ခဲ့ကြသည်။ နဿလိ နှင့် ဇာဗုလုန် တို့သည် တံစဉ် ကို လှံတံလုပ်ပြီး မိမိကလေးများကိုဖက်၊ မျက်ရည်ကျနေသော ဇနီးသည်များကို နှုတ်ဆက်ကာ စစ်မြေပြင်သို့ ချီတက်ကြလေသည်။ နဿလိ နှင့် ဇာဗုလုန် အမျိုးတို့သည် မြင့်မားသော တောတောင်အရပ်၌ အသက်ကိုစွန့်သည့်တိုင်အောင် ရဲရင့်၍စစ်တိုက်ကြ၏ (တရား ၅း၁၈)။ အမျိုးသမီး ဒေဗောရ သည် ဣသရေလ လူမျိုးများကိုဦးဆောင်ကာ နောက်ဆုံးတိုက်ပွဲပြီးဆုံးသည့်တိုင် ပါဝင်တိုက်ခိုက်ခဲ့လေသည်။

နောက်ဆုံးတွင် ဣသရေလလူမျိုးများ စစ်နိုင်ပြီးအောင်ပွဲခံကြသည်။ အောင်လံထူပြီး သီချင်းဆိုကြသည်။ စီစစ်မှုများလည်း ပြုခဲ့ကြသည်။ စည်းရုံးလှုံ့ဆော်ခဲ့သူ ဒေဗောရ က "အဘယ့်ကြောင့် ဒန် လူမျိုးများ စစ်မတိုက်ဘဲ သင်္ဘောပေါ်မှာ နေရစ်ခဲ့သနည်းဟု မေးခွန်းထုတ်လေ၏(တရားသူကြီး ၅း၁၇)။ ဒန် အတွက်ကား ဂုဏ်ယူစရာ ဘာမှမရှိခဲ့ပေ။ ဒန် သည် စီးပွားရေး ကျွမ်းကျင်သည်။ စီးပွားရေးအကွက်မြင်တတ်သည်။ ငွေကြေးကိုပြုစုတတ်သည်။ နဿလိ နှင့် ဇာဗုလုန် တို့သည် ငွေကြေးကို ဒန် ကဲ့သို့ မပြုစုတတ်ကြပေမယ့် ထိုခေတ်ကာလ၏ သမိုင်းကိုပြုစုခဲ့ကြသည်။ ဒန် ပြုစုရှာဖွေခဲ့သော ရွှေ၊ ငွေ၊ ဥစ္စာသည် ယနေ့အထိ မကျန်ဘဲ ပျောက်၍ ကျန်ခဲ့လေ၏။ နဿလိ နှင့် ဇာဗုလုန် ပြုစုခဲ့သော ဣသရေလ တို့၏ စစ်သမိုင်းသည် နှောင်နှစ်ပေါင်း ထောင်ချီတိုင်အောင် ကြာရှည်သော်လည်း ယနေ့ထိပင် ပြော၍ပြော၍ မဆုံးနိုင်အောင် ကျန်ရစ်နေလေ၏။

၀၀၀၀

**ဤစာစောင်ပါ ကဗျာ၊ ဆောင်းပါးများသည်**
**စာရေးသူတစ်ဦးချင်းစီ၏ အမြင်အာဘော်**
**များသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။**

**အယ်ဒီတာ**
ချင်းအမျိုးသားရေးရာ စာစောင်

# ပြည်တွင်းမှ ဖြစ်ရပ်မှန်ဟာသ

**ကိုငယ်**

တစ်နေ့သော တနင်္ဂနွေ နေ့လယ်ဝတ်ပြုချိန်

ပရိသတ်ထောင်နှင့်ချီရှိသော ဘုရားကျောင်းသို့ (ပူး ......) ကို အသင်းတော် ပါစတာမှ မိတ်ဆက်ပေးသည်။ " ဒီလူကြီးက (...............) ကုမ္ပဏီရဲ့ ဒါရိုက်တာဖြစ်ပါတယ်၊ အသင်းတော်အတွက် ခုလိုကုမ္ပဏီပိုင်ရှင်တစ်ယောက်တိုးလာတာ ဘုရားသခင်ကိုချီးမွမ်းစရာကောင်းပါတယ်၊ အင်မတန်မှ အားကိုးရတဲ့ လူကြီးဖြစ်ပါတယ်။ အသင်းတော်အတွက်လည်း လာမယ့်အချိန်တွေမှာ ငွေရေးကြေးရေးမှာလည်း အားကိုးရလောက်တဲ့ လူကြီးဖြစ်ပါတယ်" အစရှိသဖြင့် အသင်းသူအသင်းသားများရှေ့တွင် မိတ်ဆက်ပေးလေသည်။ ထိုစဉ် (ပူး ...) ခင်ဗျား ရယ်ရမလို၊ ငိုရမလို ဖြစ်နေလေသည်။ "လူကြီးရှက်ရင် ရယ်၊ ကလေးရှက်ရင် ငို" ဆိုသည့် စကားပုံအတိုင်း (ပူး .....) တစ်ယောက်ခင်ဗျား.. ပြုံးစိစိဖြင့်သာ ပရိသတ်များကို လက်ပြရင်း နှုတ်ဆက်ခဲ့သည်။

ဘုရားကျောင်း ဝတ်ပြုအစီအစဉ် ပြီးဆုံးသည်နှင့် တပြိုင်နက် လူကြီးသူမများက အပြိုင်အဆိုင် လက်ဆွဲနှုတ်ဆက်ကြလေသည်။ ညနေပိုင်းတွင်လည်း လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့ အစရှိသည့် အသင်းတော်၏ အဖွဲ့ငယ်များက ၎င်း၏ အိမ်တိုင်ရာအရောက် လာရောက်ဆုတောင်းအားပေး မိတ်ပြုကြလေသည်။

တစ်လခန့်ကြာသော် ......

(ပူး .... )နှင့် အဆိုပါ ကုမ္ပဏီရဲ့ အခြေအနေအရပ်ရပ်ကို ထဲထဲဝင်ဝင် သိရှိပြီးသည့် အသင်းတော်ပါစတာကြီးမှ ဘုရားကျောင်း ဝတ်ပြုအစီအစဉ်တွင် "(......) ကုမ္ပဏီရဲ့ဒါရိုက်တာကို ချည်ပေါင်ဟင်း၊ မုန်ညှင်းရွက်၊ ပိန်းဥ၊ ဂေါ်ရခါးသီး အစရှိသည့် မိမိခြံထွက်သီးနှံများကိုလည်း သွားပြီး ပေးလှူကြပါ၊ သူတို့တတွေဟာ တကယ်ကို လိုအပ်နေတဲ့ လူတွေပါ၊ တကယ်ကို သနားစရာကောင်းကြတာပဲ"ဟု အသင်းသားများရှေ့တွင် ရဲရဲဝံ့ဝံ့ ကြေငြာမောင်းခတ်လေတော့သည်။

ထိုအခါ (ပူး .... )သည် "**ငါတို့က နာမည်တလုံးနဲ့ပဲ အသက်ရှင်တယ်**" ဟု ကောက်ချက်ချလေတော့သတည်း ......

၀၀၀၀

# နိုင်ငံရေး နှင့် ခရစ်ယာန် ဓမ္မအမှုတော်ဆောင်များ

Satin Thawng

## နိဒါန်း

နိုင်ငံကောင်းစားပြီး ငြိမ်းချမ်းသာယာဝပြောနေတယ်၊ အဘက်ဘက်မှာ ပုံမှန်ဖွံ့ဖြိုးတိုးတက်နေတယ်ဆိုရင်တော့ နိုင်ငံရေးကဏ္ဍမှာ သင်းအုပ်ဆရာနှင့် ဓမ္မအမှုတော်ဆောင်တွေ ပါဝင်မပတ်သက်ပဲ ဝိညာဉ်ရေးရာ သက်သက်ကိုသာ သွန်သင်ကြမယ်ဆိုရင် သိပ်ပြဿနာမရှိပါဘူး။ ဒါပေမဲ့ နိုင်ငံပျက်စီးနေပြီး ငြိမ်းချမ်းသာယာဝပြောမှုလည်းမရှိ ပြဿနာမျိုးစုံ ကြုံတွေ့နေချိန် မရေမတွက်နိုင်တဲ့ ခက်ခဲမှုတွေ ရင်ဆိုင်နေကြရတဲ့ အခုလို အချိန်ခါမျိုးမှာတော့ သင်းအုပ်ဆရာ နှင့် ဓမ္မအမှုတော်ဆောင်များအနေနဲ့ ရပ်ရေးရွာရေးနိုင်ငံရေးမှာ ပါဝင်ပတ်သက်ဖို့ လိုအပ်ပါလိမ့်မယ်။ ပါးစပ်နဲ့ပဲ "ဆုတောင်းပေးမယ်နော်"လို့ ပြောရုံနှင့်မလုံလောက်တော့ပါဘူး။ နိုင်ငံရေးစံနစ် ပြန်လည်ကောင်းမွန်လာရေးအတွက် လူကိုယ်တိုင်ပါဝင်ပတ်သက်ဖို့ လိုအပ်ပါတယ်။ယခုလို သိုး(ယုံကြည်သူ အသင်းသူ/သား)များ နိုင်ငံအုပ်ချုပ်မှုစံနစ် မကောင်းခြင်းကြောင့် ဆင်းရဲတွင်းထဲ ကျရောက်နေသည့်ကာလမျိုးတွင် "ကျွန်တော်က သင်းအုပ်ဆရာပါ၊ ခရစ်ယာန်ဓမ္မအမှုတော်ဆောင်ပဲ... နိုင်ငံရေးနှင့် ဘာမှ ပါဝင်ပတ်သက်နေစရာမလိုပါဘူး" ဆိုပြီး ဘုရားကျောင်းထဲမှာပဲ အေးအေးဆေးဆေး ထိုင်နေသူ အမှုတော်ဆောင်ကတော့ သိုးထိန်းကောင်းနှင့် အမှုတော်ဆောင်ကောင်း မဖြစ်နိုင်ဘဲ အငှားသိုးထိန်းပဲ ဖြစ်နေမှာပါ။ သခင်ယေရှု လိုလားဖြစ်စေချင်တဲ့ သိုးထိန်းကောင်းဆိုတာ ဝံပုလွေ၊ ခြင်္သေ့နှင့်ကျားများ ရောက်လာချိန် သူ့ရဲ့သိုးတွေကို ပစ်မထားပဲ မိမိသိုးတွေရဲ့ လုံခြုံရေးအတွက် မိမိအသက်ကိုပဓာနမထားအသက်ပေးကာကွယ်ရဲတဲ့ သိုးထိန်းမျိုးပါ။ နိုင်ငံ့အခြေအနေ ဆိုးဝါးနေချိန် နိုင်ငံရေးနှင့်မပတ်သက်ချင်ဘဲ တကိုယ်ကောင်းဆန်တဲ့ သင်း အုပ်ဆရာနှင့် ဓမ္မအမှုတော်ဆောင် ဆိုတာကတော့ မိမိဘုရားကျောင်း မီးလောင်နေစဉ်အသင်းသားများက ခက်ခက်ခဲခဲပင်ပန်းစွာ မီးငြိမ်းသတ်နေတဲ့အချိန်မှာ "ကျွန်တော်ကတော့ သင်းအုပ်ဆရာပဲ မီးကို ဝင်ကူ ငြိမ်းသတ်စရာမလိုပါဘူး" ဆိုပြီး လက်ပိုက်ထိုင်နေတဲ့သူနှင့် အလားသဏ္ဍာန်တူနေမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နေထိုင်တဲ့ မြန်မာနိုင်ငံမှာ သင်းအုပ်ဆရာများနှင့် အမှုတော်ဆောင်များဟာနိုင်ငံအတွက် ဘာတာဝန်မှ မရှိကြတော့ဘူးလား.? မြန်မာနိုင်ငံမှာရှိတဲ့ သင်းအုပ်ဆရာနှင့်အမှုတော်ဆောင်များက နိုင်ငံရေးဟာ သူတို့နှင့် မဆိုင်ဘူးလို့ ဘာဖြစ်လို့ ထင်နေကြရတာလဲ။ ဒါတွေမကသေးဘဲ သူတို့ရဲ့ အသင်းသားများကိုပါ နိုင်ငံရေးနှင့်ကင်းရှင်းအောင် ဘာဖြစ်လို့ သွန်သင်နေကြရတာလဲ။ နိုင်ငံရေးဆိုတဲ့ ဝေါဟာရအဓိပ္ပာယ်ကို မြန်မာနိုင်ငံမှာရှိတဲ့ သင်းအုပ်ဆရာနှင့် အမှုတော်ဆောင်တွေက တကယ်ပဲမသိရှိ နားမလည်ကြတာလား။ ပြန်လည်သုံးသပ်ဖို့ လိုအပ်နေပါပြီ။

မတူညီတဲ့ ယဉ်ကျေးမှု၊ စာပေ၊ စကား၊ ဘာသာနှင့် အခြားအထွေထွေအရပ်ရပ်မှာ မတူညီတဲ့

လူမျိုးကြီး (၈) မျိုး စုပေါင်းတည်ထောင်ခဲ့တဲ့ မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ်ကစပြီး ဒီကနေ့အထိ နှစ်ပေါင်း (၆၆)နှစ်တိုင်တိုင် ပျော်ရွှင်ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်း ကင်းမဲ့ခဲ့ပါတယ်၊ ပြဿနာပေါင်းစုံ၊ တိုက်ပွဲပေါင်းစုံ၊ အခက်ခဲပေါင်းစုံနှင့်သာလျှင် နှစ်ပါးသွားနေရပါတယ်။ ဒါကြောင့်အခုချိန်မှာဆိုရင် နိုင်ငံတွင်းက ပြည်သူလူထုကြီးဟာ အဆိုပါအခက်ခဲများကို မခံစားနိုင်ကြတော့ဘဲ အဲဒီကနေ လွတ်မြောက်နိုင်မယ့် နေရာသစ်ရှာဖွေရင်း ကမ္ဘာ့နေရာအရပ်ရပ်သို့ ပျံ့နှံ့ခဲ့ကြပြီ ဖြစ်ပါတယ်။ လုံခြုံစွာနေထိုင်နိုင်တဲ့ နေရာ၊ အစာရေစာ ငတ်ပြတ်မှုမရှိတဲ့နေရာ၊ တိုက်ခိုက်မှုနှင့် သတ်ဖြတ်မှုမရှိတဲ့နေရာ ငြိမ်းချမ်းသာယာဝပြောတဲ့နေရာကို ရှာဖွေရင်း မြန်မာနိုင်ငံကိုကျောခိုင်းခဲ့ကြပြီ ဖြစ်တယ်။ အိန္ဒိယ၊ မလေးရှား၊ ထိုင်း စသည့် နိုင်ငံတွေမှာ တရားမဝင်ခိုးဝင်ပြီး အဲဒီနိုင်ငံမှာရှိတဲ့ UNHCR ရုံးတွေမှာ လိမ်ညာပြီး ခိုလှုံနေကြရပါတယ်။ စစ်ပြေးဒုက္ခသည်အဖြစ်ခံယူပြီးလုံခြုံမှုကိုရှာဖွေနေခဲ့ကြပါတယ်။ UNအကူအညီဖြင့်တတိယနိုင်ငံသို့အခြေချနိုင်ရေးစောင့်ဆိုင်းနေကြရပါတယ်။ အဲဒီလိုထွက်ပြေးလာတဲ့လမ်းခရီးမှာအရုက်တကွဲအကျိုးနည်းမှုပေါင်းများစွာကိုလည်း ကြုံတွေ့ခဲ့ကြရပါတယ်။ ဒါပေမဲ့ နောက်မဆုတ်ပဲ သားသမီးများ၏ အနာဂတ်ရေ့ရေးလုပဖို့အတွက် မျက်စိစုံမှိတ်လျက် ဆက်လက်ရှေ့တိုး ခရီးနှင်နေကြဆဲဖြစ်ပါတယ်။ ဒီလမ်းခရီးတစ်လျှောက်မှာ အသက်ပေါင်းများစွာကိုလည်း စတေးခဲ့ကြရပါတယ်။ တတိယနိုင်ငံသို့ရောက်ရှိပြီးနောက်ပိုင်းမှာလည်း ခေါင်းမဖော်နိုင်လောက်အောင် ဖိအားအမျိုးမျိုး ဆက်လက်ကြုံတွေ့ကြရဆဲဖြစ်ပြီး ချင်းသမိုင်းမှာတောင် မကြုံခဲ့ဖူးသေးတဲ့ လင်မယားအချင်းချင်း သတ်ဖြတ်တဲ့အထိ ကျွန်တော်တို့ အကျည်းတန် အရုပ်ဆိုးခဲ့ကြရပါတယ်။ အတော် ကြောက်လန့်စရာကောင်းတဲ့အနေအထားပါ။ အဲဒီလို အနေအထားဖြစ်နေတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ သင်းအုပ်ဆရာနဲ့အမှုတော်ဆောင်တွေအနေနှင့် ကိုယ်ကျိုးကိုသာကြည့်ပြီး အေးဆေးစွာ မနေသင့်တော့ဘဲနိုင်ငံနှင့် လူမျိုးအတွက် ရပ်ရေးရွာရေးမှာ ပါဝင်ပတ်သက်ဖို့ အချိန်တန်ပြီဖြစ်တယ်။ အသင်းသူအသင်းသားများအား မှန်ကန်တဲ့လမ်းကို ရွေးချယ်တတ်ဖို့ ဦးဆောင်းလမ်းပြ သင့်ကြပြီဖြစ်တယ်။ သူတပါးလက်နဲ့ မြွေဖမ်းချင် ဆိုတဲ့စကားပုံလို နိုင်ငံကောင်းစားရေးအတွက် ဘာမှမလုပ်ချင်ဘဲနိုင်ငံကောင်းစားလာမှ နိုင်ငံတွင်းကို ပထမဦးဆုံးဝင်ပြီး ကိုယ်ကျိုးစီးပွားရှာ မယ်ဆိုတဲ့စိတ်နှင့်အခြေအနေကို အဝေးကနေ စောင့်ကြည့်နေတယ် ဆိုတာမျိုးကတော့ ခရစ်ယာန်အသက်တာမှာမလုပ်သင့်ပါဘူး။ သင်းအုပ်ဆရာနှင့် အမှုတော်ဆောင်တွေ နိုင်ငံရေးနှင့် မပတ်သက်ရဘူးဆိုတဲ့ ကျမ်းပိုဒ် မရှိပါဘူး။ နိုင်ငံသားမှန်ရင် မိမိနိုင်ငံအတွက် နိုင်ငံ့အရေးအလုပ်ကိုလုပ်ဖို့ တာဝန်ရှိပါတယ်။ ရှောင်လို့ မရပါဘူး။

ယနေ့ ဓမ္မအမှုတော်ဆောင်များစွာဟာ ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး ဘုရားသခင်အမှုတော်မြတ်ကိုထမ်းဆောင်နေကြပါတယ်။ ကောင်းပါတယ်။ ဒါပေမဲ့ အမှုတော်ဆောင်ပုံဆောင်နည်းကတော့ တစ်ယောက်နှင့်တစ်ယောက် မတူကြပါဘူး။ ပေးလိုက်တဲ့ ခေါင်းစဉ်အမျိုးမျိုးဟာလည်း သမ္မာကျမ်းစာထဲမှ တိတိကျကျမတွေ့ကြရပါဘူး။ တွေ့ရတာတော့ သင်းအုပ်ဆရာလို့ခေါ်တဲ့ သိုးထိန်းနှင့် Deacon လို့ခေါ်တဲ့ အသင်းတော် လူကြီးဆိုတာပဲ ဖြစ်ပါတယ်။

## သိုးထိန်းအကြီးအကဲ

ဂိုဏ်းဂဏ အသီးသီးတွေဟာ အသင်းတော် စည်းမျဉ်းစည်းကမ်းတွေ၊ ဥပဒေ အမျိုးမျိုးတွေ ကိုယ်စီထုတ်ကြပေမဲ့ ယခုခေတ်မှာ သိုးထိန်းအကြီးအကဲ တစ်ပါးသာလျှင် ရှိပါတယ်။ ထိုသူကတော့ သခင်ယေရှု ပဲဖြစ်ပါတယ်။ သခင်ယေရှု တစ်ပါးတည်းသာလျှင် သင်းအုပ်ဆရာတွေနှင့် အမှုတော်ဆောင်အားလုံးရဲ့ဆရာ နှင့် နမူနာယူရမယ့် စံပြပုဂ္ဂိုလ် ဖြစ်ပါတယ်။

**သခင်ယေရှုပြောတဲ့ သိုးထိန်း (၂)မျိုး** ( ယောဟန် ၁၀း၁၁-၁၅)

သခင်ယေရှုက သိုးထိန်း (သင်းအုပ်ဆရာနှင့် အမှုတော်ဆောင်) (၂)မျိုးရှိတယ်လို့ မိန့်ကြားထားပါတယ်။ ဒါတွေကတော့ "မိမိသိုးတွေ အန္တရာယ်ကြုံတွေ့တဲ့အချိန်မှာ မိမိအသက်ကိုပဓာနမထားပဲ သိုးတွေကို စောင့်ရှောက်တဲ့ သိုးထိန်းစစ်နှင့် ရန်သူရှေ့မှာ မိမိသိုးတွေကို ပစ်ထားခဲ့ပြီး ကိုယ်လွတ်ရုန်းတဲ့ အငှါးသိုးထိန်း" ပဲဖြစ်ပါတယ်။ ယနေ့ခေတ် အသင်းတော်တို့ရဲ့ သိုးထိန်းတွေဟာ သခင်ယေရှုပြောတဲ့ သိုးထိန်း (၂)မျိုးထဲက ဘယ်လိုမျိုး သိုးထိန်းလဲဆိုတာ အသင်းသားများ ဒုက္ခဆင်းရဲ ကြုံတွေ့နေချိန် စွန့်ပစ်သွားတဲ့ သိုးထိန်းလား၊ ဒါမှမဟုတ် အသင်းသားများ ဆင်းရဲဒုက္ခတွေ့ကြုံနေတဲ့အချိန်မှာ အဲ့ဒီဒုက္ခထဲကနေ လွတ်မြောက်နိုင်ဖို့ အကြံကောင်းညဏ်ကောင်းပေးခြင်း၊ လမ်းညွှန်ပြခြင်းတို့ဖြင့် ဖေးမကူညီပေးနေတဲ့ သိုးထိန်းလား ဆိုတာကို ကြည့်ပြီး ခွဲခြားနိုင်မှာ ဖြစ်ပါတယ်။ ဒါဟာ လေးနက်တဲ့ နိုင်ငံရေးအကြောင်း မီးမောင်းထိုးမှုပဲ ဖြစ်ပါတယ်။

**အလင်းဖြစ်ခြင်း** (မဿဲ ၅း၁၄-၁၆)

ခရစ်ယာန်တွေဟာ မှောင်မိုက်နေတဲ့လောက (ကျွန်တော်တို့ရဲ့ တိုင်းပြည်)ကို လင်းစေဖို့ရန် အလင်းဖြစ်တယ်လို့ပြောပါတယ်။အလင်းဆိုတာကျွန်တော်တို့ရဲ့ကောင်းမြတ်ခြင်း၊ဖြောင့်မတ်ခြင်း၊ကြင်နာသနားခြင်း၊ကိုယ်ချင်းစာခြင်း၊ရိုးသားဖြူစင်ခြင်းစတာတွေကိုဆိုလိုပါတယ်။အဲဒီအလင်းဖြစ်မှုတွေကို တိုင်းပြည်နှင့်လူမျိုးအတွက် အသုံးမပြုဘဲ အသင်းတော်ထဲမှာသာ ဖုံးကွယ်နေမယ်ဆိုရင် သခင်ယေရှုပြောတဲ့ လောကအလင်း ဖြစ်နိုင်ပါ့မလား။ စစ်မှန်တဲ့ ခရစ်ယာန်ပြောင်းလဲမှုနှင့် ပြောင်းလဲသူမှန်ရင်တော့ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဥပက္ခာမပြုဘဲ ဦးစီးဦးဆောင်မှုပြုကာ အုပ်ချုပ်ရေးစံနစ် ကောင်းလာအောင် တစ်ခုခုလုပ်မှာ ဖြစ်ပါတယ်။ အဲဒီလိုလုပ်မှလည်း ကျွန်တော်တို့ရဲ့တိုင်းပြည်ဟာ တိုးတက်ပြောင်းလဲပြီး ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။ ခုတော့ ကျွန်တော်တို့ ခရစ်ယာန်တွေရဲ့ လုပ်ပုံတွေဟာ ပြောင်းပြန်ဖြစ်နေပါတယ်။ မိမိကိုယ်ကို ဝိညာဉ်ရေးနှင့် အလွန်ပြည့်ဝနေသူကဲ့သို့ ထင်ယောင်နေကြပြီး နိုင်ငံရေးနှင့်ပတ်သက်တဲ့ လုပ်ငန်းတွေက မသန့်ရှင်းဘူးလို့ ထင်နေကြပါတယ်၊ နိုင်ငံရေးကို စာတန်၏အလုပ်လို့ သဘောထားပြီး ရွံ့ရှာနေကြပါတယ်။ မလုပ်ချင်ကြပါဘူး၊ ရှောင်လွှဲချင်ကြပါတယ်။ ဒါတွေမကသေးဘဲ မိမိအသင်းသူ၊ အသင်းသားများကိုလည်း နိုင်ငံရေးနှင့် ခတ်ဝေးဝေးနေကြဖို့ သင်ပေးတတ်ကြပါတယ်။ အဲဒီလိုဖြစ်နေတဲ့အခါကျတော့ ကျွန်တော်တို့ရဲ့တိုင်းပြည်ကို ဘုရားမသိတဲ့သူ၊ မူးယစ်သောက်စားတတ်တဲ့သူ၊အကျင့်

မကောင်းတဲ့သူတွေကပဲ အုပ်ချုပ်လာခဲ့ကြပါတော့တယ်။ အဲဒီလိုနှင့်ပဲ ကျွန်တော်တို့တိုင်းပြည်ဟာ မပျက်စီးသင့်ဘဲ ပျက်စီးယိုယွင်းရေတိမ် နစ်လာပါတော့တယ်။ ကျွန်တော်တို့၏ တိုင်းပြည်ပျက်စီးယိုယွင်းလာတာနဲ့အမျှ နိုင်ငံသားဖြစ်တဲ့ အသင်းသူ၊ သားများရဲ့ဘဝဟာလည်း မလုံခြုံနိုင်တော့ပဲ လိုက်ပြီး ပျက်စီးယိုယွင်းလာပါတယ်။ အသင်းသားတွေရဲ့ အကျင့်စရိုက်တွေလည်း ပျက်စီးယိုယွင်းလာပါတယ်။ ဒီလိုနှင့် ဖြောင့်မတ်မှန်ကန်ခြင်း၊ ချစ်ခြင်းမေတ္တာ ကိုယ်ချင်းစာတရား၊ တစ်ယောက်နှင့်တစ်ယောက် ကြင်နာသနားခြင်းများလည်း အသင်းတော်ထဲမှာ မတွေ့ရတော့ဘဲ အားလုံးပျက်စီး ကုန်ပါတော့တယ်။

**ဆားဖြစ်ခြင်း** (မဿဲ ၅း၁၃)

ယေရှုက ယုံကြည်သူတွေကို လောကမှာ အသက်ရှင်တဲ့ သတ္တဝါတိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့ "ဆား" ဖြစ်တယ်လို့ ပြောပါတယ်။ ဒါဟာလည်း နိုင်ငံရေးပါပဲ။ ဆားအသုံးပြုတဲ့နေရာ အတော်များပါတယ်။ ဆားဟာ လူနှင့် တိရိစ္ဆာန်တွေအပြင် သစ်ပင်ပန်းမာလ်တွေပါ လိုအပ်တဲ့ဓါတ် ဖြစ်ပါတယ်။ ဆားမပါရင် ကျွန်တော်တို့ အသက်မရှင်နိုင်ပါဘူး။ ဒါပေမဲ့ အဲဒီလောက် အရေးကြီးတဲ့ ဆားဟာ သူ့ရဲ့အငန်ဓါတ်သာ ပျောက်ကွယ်သွားမယ်ဆိုရင် ဘာမှအသုံးမဝင်တော့ဘဲ လွှတ်ပစ်ရုံအမှိုက်သက်သက် ဖြစ်သွားပါလိမ့်မယ်။ အပေါ်မှာ ပြောခဲ့သလိုပဲ ဆားရဲ့ အငန်ဓါတ်ဟာ ကျွန်တော်တို့ ခရစ်ယာန်တွေရဲ့ ကောင်းမြတ်ခြင်းအဝဝကို ဆိုလိုပါတယ်။ အဲ့ဒီကောင်းမြတ်ခြင်းတွေဟာ ကျွန်တော်တို့ရဲ့ တိုင်းပြည်နှင့်လူမျိုးအတွက် အသုံးပြုဖို့ရန် သခင်ယေရှုအလိုတော်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ အငန်ဓါတ် ပျောက်ကွယ်သွားမယ်ဆိုရင် ခရစ်ယာန်တွေဟာလည်း ဘုရားသခင်နှင့်လူတွေရဲ့ရှေ့မှာ ဘာမျှအသုံးမဝင်တဲ့ လွှတ်ပစ်ရုံအမှိုက်သက်သက်သာ ဖြစ်ကြပါလိမ့်မယ်။ သခင်ယေရှုက ခရစ်ယာန်တွေကို ထိုင်မနေပဲ ကျွန်တော်တို့ရဲ့ ကောင်းမြတ်ခြင်းတွေကိုအသုံးပြုပြီး ကမ္ဘာမြေကြီးကောင်းမွန်အောင်စိတ်အားထက်သန်စွာ၊ ပျော်ရွှင်စွာပါဝင်လုပ်ဆောင်ဖို့ အလိုတော်ရှိပါတယ်။ ဒါမှ ကျွန်တော်တို့နေတဲ့တိုင်းပြည်လည်း ငြိမ်းချမ်းသာယာဝပြောလာမှာဖြစ်ပါတယ်။ ခုတော့ မြန်မာပြည်က သိုးထိန်းနှင့် အမှုတော်ဆောင်တွေဟာ လောကရဲ့ ဆားနှင့်အလင်း မဖြစ်ချင်ကြပါဘူး။ တိုင်းပြည်နှင့် လူမျိုးအတွက် အသုံးဝင်တဲ့ လူတစ်ယောက်ဖြစ်ဖို့ ကိုယ့်ကိုယ်ကိုယ်ရော သိုးတွေကိုပါ မပြုပြင်ချင်ကြပါဘူး။ ဒီအခါ ကျွန်တော်တို့ရဲ့ အငန်ဓါတ်တွေဟာ တဖြည်းဖြည်း ကုန်ခမ်းလာပြီး နောက်ဆုံးမှာတော့ အသုံးပြုမရတော့တဲ့ လွှတ်ပစ်ရမယ့် အမှိုက်ဘဝကို ရောက်ရှိသွားကြပါတော့တယ်။

**တောင်ထိပ်ပေါ်မှာ တည်သောမြို့** (မဿဲ ၅း၁၄)

ကျွန်တော်တို့ ခရစ်ယာန်တွေဟာ ကျွန်တော်တို့နေတဲ့ တိုင်းပြည်၊ မြို့ရွာတွေမှာရှိတဲ့ တောင်ထိပ်တွေပေါ်မှာ တည်တဲ့မြို့ဖြစ်တယ်လို့ သခင်ယေရှု ကပြောပါတယ်။ ဒါလည်း နိုင်ငံရေးအဖြစ်နဲ့ ယူရမှာဖြစ်ပြီး အဆိုပါ မြို့ရွာတွေအတွက် ကျွန်တော်တို့ရဲ့ ကောင်းမှုနှင့်ဖြောင့်မတ်တည်ကြည်မှု၊ စိတ်ချယုံကြည်မှုတို့ကို လူတွေ မြင်လာနိုင်အောင်နှင့် အတုယူနိုင်အောင် ပြသကြရမှာဖြစ်ပါ

တယ်။ မိမိအသင်းတော်၊ မိမိဂိုဏ်းဂဏအသိုင်းအဝိုင်းအတွင်းလောက်မှာပဲအမြဲတမ်းပုန်းအောင်းနေမယ်ဆိုရင် ဘယ်လိုလုပ်ပြီး တောင်ထိပ်ပေါ်မှာတည်တဲ့မြို့ဖြစ်နိုင်တော့မှာလဲ။ ကျွန်တော်တို့ရဲ့ ကောင်းမြတ်မှုတွေကို လောကီသားများက ဘယ်လိုလုပ်မြင်နိုင်တော့မှာလဲ။ ဒါကြောင့် ကျွန်တော်တို့ ခရစ်ယာန်တွေရဲ့ တာဝန်ဟာ မသေးပါဘူး။ ကျွန်တော်တို့ရဲ့ တိုင်းပြည် ပြန်လည်တည်ဆောက်ရေးတာဝန်ဟာ ယုံကြည်သူတွေရဲ့ တာဝန်ပါ။

**လောကမှာ နေကြရအုံးမယ်** ( ရှင်ယောဟန် ၁၇း ၁၁-၁၅)

ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်သူတစ်ဦး အသက်တာပြောင်းလဲတယ်ဆိုရင် လောကီလူသားအဖြစ်ကို စွန့်လွှတ်ပြီး ဘုန်းကြီး၊ ရသေ့၊ သီလရှင်၊ ယောဂီ ဝတ်ကာ လောကီကိလေသာအမှု၊ လူ့အသိုင်းဝိုင်းနှင့် အဝေးဆုံးနေရာမှာ ပြောင်းရွှေ့ သီတင်းသုံးတတ်ကြပါတယ်။ လောကီအလုပ်လည်းမလုပ်ကြတော့ဘဲ တရားဘာဝနာကျင့်ကြံကာ သူတို့ရဲ့ ဘုရားတရားအကြောင်းနဲ့ပါတ်သက်တာများကိုသာ လုပ်ဆောင်ကြပါတော့တယ်။ တချို့သော ပုဂ္ဂိုလ်များဟာ မိမိတို့မြို့ရွာကနေထွက်ခွာပြီး လူမရှိ လူမမြင်နိုင်တဲ့ တောတောင်ထဲ သစ်ပင်အောက်တွေမှာ လည်းကောင်း၊ ကျောက်ဂူထဲတွေမှာလည်းကောင်း နေထိုင်ပြီး၊ အစားရေစာ မသုံးဆောင်ပဲ တရားကျင့်တတ်ကြပါတယ်။ အဲဒီလိုနေနိုင်သည့် ပုဂ္ဂိုလ်များကို စစ်မှန်တဲ့ပြောင်းလဲမှု ရှိသူဆိုပြီး ကြည်ညိုလေးစားကိုးကွယ်တတ်ကြပါတယ်။ ဘုန်းကြီးဝတ်ပြီးရင် နေအိမ်မှာ လူတွေနှင့်ရောနေ၍မရတော့ပဲဘုန်းကြီးကျောင်းများ၌သာနေထိုင်ရပါတယ်။ စားသောက်ရေးအတွက်လည်းဗုဒ္ဓဘာသာယုံကြည်သူများထံ ဆွမ်းခံ စားသောက်ကြရပြီး၊ လောကီရေးရာများနှင့် လုံးဝမသက်ဆိုင်ရတော့ပါဘူး။

ဒါပေမဲ့ ခရစ်ယာန်ဘာသာမှာတော့ အဲဒီလိုမဟုတ်ပါဘူး။ တစ်စုံတစ်ဦးဟာ ခရစ်တော်၌ အသက်တာ ပြောင်းလဲတာနှင့်တပြိုင်နက် အသက်တာဟောင်းများ စွန့်ပစ်ပြီး စိတ်နလုံးအသစ်၊ အတွေးအခေါ်အသစ်၊ မျှော်လင့်ခြင်းအသစ်၊ ရည်မှန်းချက်အသစ်၊ ခွန်အားအသစ်၊ အကျင့်သီလအသစ်များ စတင်ရရှိလာပြီး ခရစ်တော်၏ နလုံးသားဖြစ်သော သူတပါးကို ချစ်ခြင်း၊ တပါးသူကို ကိုယ်ချင်းစာနာခြင်း၊ သူတပါးအကျိုးကို ဆောင်ရွက်ခြင်း၊ ကောင်းသောအလုပ်ကို လုပ်ဆောင်လိုခြင်း၊ အပြစ်တရားကို မုန်းတီးခြင်း စသည့်စိတ်နလုံးများ ရရှိလာမှာဖြစ်ပါတယ်။ လူတွေနှင့်ဝေးရာသို့ ထွက်ခွါမသွားသည့်အပြင် လူတွေကြားမှာ နေထိုင်ကာ လူတွေရဲ့ပြဿနာများကို ဖြေရှင်းပေးမှာဖြစ်ပါတယ်၊ တခြားဘာသာတွေနှင့် မတူပါဘူး၊ ခက်ခဲနေသောလူများကို ကူညီချင်သော စိတ်နလုံးဖြင့် စတင်အလုပ်လုပ်ပြီး၊ ဤလောကရဲ့ကောင်းကျိုးများကို သယ်ပိုးလာမှာဖြစ်ပါတယ်။ ဒါတွေဟာ ခရစ်ယာန်အဖြစ် ပြောင်းလဲသူတစ်ယောက်၏ နလုံးသားဖြစ်ပြီး ဗုဒ္ဓဘာသာပြောင်းလဲသူနဲ့တော့ အတော်ကွာခြားပါတယ်။

ဒါကြောင့် ခရစ်တော်၌ ပြောင်းလဲပြီဆိုတဲ့သူများ ပြောင်းလဲသည့်နောက်ပိုင်း တိုင်းပြည်နှင့်မြို့ရွာအတွက် မိမိအသက်တာကိုလည်း အသုံးမပြုချင်၊ ဧဝံကေလိလည်း မသွားချင် မသွားရဲ၊ လောကီရေးရာများနှင့် ဘာမှ မဆိုင်သလိုနေချင်သေး၊ လောကီရေးရာဖြစ်တဲ့ နိုင်ငံရေးနဲ့လည်း

မပတ်သက်ချင်၊ ဝိညာဉ်ရေးရာကိုသာ အားထုတ်မယ်ဆိုပြီး ဘုရားကျောင်းထဲမှာပဲ ဆုတောင်းရင်း အချိန်ကုန်နေတဲ့သူတွေဟာ ခရစ်တော်၌ စစ်မှန်တဲ့ ပြောင်းလဲခြင်းမရရှိသေးတဲ့လူတွေပဲ ဖြစ်ပါတယ်။ ပြောင်းလဲခြင်းအတုသာဖြစ်ပါတယ်။ ကျွန်တော်တို့ ဘုရားသခင်ဟာ မနားမနေ အလုပ်လုပ်နေတဲ့သူ ဖြစ်ပါတယ်။ ယနေ့အထိလည်း အလုပ်လုပ်လျက်ရှိပါတယ်။ နောင်အနာဂတ်မှာလည်း ဆက်လက် အလုပ်လုပ်နေမယ့်သူ ဖြစ်ပါတယ်။ ထိုနည်းတူ ရှေးယုံကြည်သူများဟာလည်း အိုမင်းရင့်ရော်သည်အထိ မနားမနေဘဲ အလုပ်လုပ်ခဲ့ကြပါတယ်။ ဒါတွေဟာ ခရစ်တော်၌ စစ်မှန်စွာပြောင်းလဲသူတွေရဲ့ အသက်တာပဲ ဖြစ်ပါတယ်။ အသက်တာ ပြောင်းလဲသည်နှင့်တပြိုင်နက် လောကီအလုပ်များကို စွန့်လွှတ်ပြီး ဘုရားအလုပ်လို့ယူဆတဲ့ သင်းအုပ်ဆရာအလုပ်ပဲလုပ်ချင်၊ သူများပေးကမ်းစွန့်ကြဲတာကိုပဲ အားကိုးပြီး ကျေနပ်စွာ အသက်ရှင်ချင်၊ လောကီနိုင်ငံရေးနှင့် ကင်းကွာချင်တဲ့သူတွေဟာ ဘုရားသခင် စိတ်ချယုံကြည်တဲ့ စစ်မှန်တဲ့ ပြောင်းလဲသူတွေ မဟုတ်ကြသေးပါဘူး။

သခင်ယေရှု နောက်ဆုံးည ဂေသရေမန်ဥယျာဉ်တော်ထဲမှာ သွေးစက်တွေတပြိုက်ပြိုက်ကျပြီး ဖခမည်းတော်ထံ ဆုတောင်းခဲ့သည်မှာ နောက်လိုက်တမန်တော် (၁၁)ပါးတွေဟာ မကြာမီသောကာလမှာ သူနှင့်အတူ ကောင်းကင်ပေါ်တက်ပြီး ပျော်ရွှင်စွာအနားယူခိုင်းဖို့ မဟုတ်ပါဘူး။ ဒီလောကမှာ ဆက်နေပြီး လောကီလူသားများကို ကင်တင်ခြင်းသတင်းကောင်း ဟောကြားဖို့နှင့် လူတွေ အသက်တာဟောင်း အကျင့်ဟောင်းများ ပြောင်းလဲပြီး၊ အသက်တာသစ် အကျင့်သစ်များနှင့် ပြောင်းလဲနိုင်ရန် သာသနာလုပ်ငန်းများ ဆက်လုပ်ရာမှာ ဖခမည်းတော်က ကူညီဖို့ဖြစ်ပါတယ်။ လူသားအားလုံး ခရစ်တော်၏ တပည့်ဖြစ်စေဖို့၊ စာတန်နှင့်နောက်လိုက်များ၏ နိုင်ငံနှင့် ဩဇာအာဏာများကို ဖျက်ဆီးဖို့နှင့် ဘုရားသခင်၏ နိုင်ငံတော်ကိုတည်ထောင်ဖို့ ဒီလောကမှာ ဆက်နေကြဖို့ ဆုတောင်းပေးခဲ့တာ ဖြစ်ပါတယ်။ မကောင်းတဲ့ အုပ်ချုပ်မှုစံနစ်တွေကို ကောင်းတဲ့ အုပ်ချုပ်မှုစံနစ်တွေနှင့် အစားထိုးဖို့၊ ဧဝံဂေလိအကြောင်း မသိရှိသေးသူများထံ သူ့ရဲ့ကြီးမားတဲ့အမှုတော်မြတ်ကို ဘုရားသခင်အားကိုးပြီး သတ္တိရှိရှိ သူ့ရဲ့ကိုယ်စား ဟောကြားဖို့ ဤလောကမှာ ဆက် လက်နေထိုင်ကြရမည့်အကြောင်း ဆုတောင်းပေးခဲ့တာဖြစ်ပါတယ်။ ဤလောက မကုန်ဆုံးမီအထိ ယုံကြည်သူများဟာ ဘုရားသခင် အမှုတော်မြတ်အတွက် အလုပ်လုပ်ကြရမယ့်အကြောင်း သခင်ယေရှု ဖခမည်းတော်ထံ ဆုတောင်းခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရှိ ခရစ်ယာန်တွေဟာ ရောမဩဝါဒစာ အခန်းကြီး (၁၃)ကို တော်တော်ကြိုက်နှစ်သက်ကြပါတယ်။ ဒါဟာအသက်တာ ပြောင်းလဲလွန်းကြလို့မဟုတ်ဘဲ ထောင်နှင့် ညှင်းပန်းနှိပ်စက်မှုကို ကြောက်လို့သာ ဖြစ်ပါတယ်။ တခြား ကျမ်းချက်များစွာကို ချိုးဖောက်နေပါလျက်နဲ့ ရောမအခန်းကြီး (၁၃) ကိုကျတော့ ကွက်တိ လိုက်နာချင်ယောင် ဆောင်နေကြပါတယ်။ ဖာရိရှဲတွေနဲ့ အတူတူပဲဖြစ်ပါတယ်။ ရောမ (၁၃)မှာ အစိုးရမင်းတွေရဲ့ အုပ်ချုပ်မှုကို နာခံရမယ်လို့ပါရှိပါတယ်။ ဒါပေမယ့် ဒီကိစ္စမှာ အကန့်အသတ်တစ်ခုရှိတယ်ဆိုတာ သိထားဖို့လိုပါတယ်။ဘာမဆိုအုပ်ချုပ်သူရဲ့ အုပ်ချုပ်မှုအားလုံးကို နာခံရမယ်၊ အုပ်ချုပ်သူရဲ့ အမိန့်ဟာ မှားနေရင်တောင် မငြင်းရဘူးလို့ဆိုလိုတာ မဟုတ်ပါဘူး။ ဘုရားသခင်ပေးတဲ့ ညဏ်ပညာကိုသုံးပြီး အဆိုးနှင့်အကောင်း

ခွဲခြားကာ အစိုးရမင်းတွေရဲ့ အုပ်ချုပ်မှုကိုနာခံသင့်၊ မနာခံသင့် ကိုယ့်ဟာကို ခွဲခြားတတ်ရမှာ ဖြစ်ပါတယ်။

ဥပမာ - ယုံကြည်သူ ခရစ်ယာန်တွေ ရုပ်တုမကိုးကွယ်ရပါဘူး၊ ဒါကိုပဲ အစိုးရမင်းတွေက သူတို့ရဲ့အာဏာစက်ကိုသုံးပြီး ရုပ်တုကိုကိုးကွယ်ကြဖို့ အမိန့်ပေးကြမယ်ဆိုရင် ရောမသြဝါဒစာ(၁၃) မှာ အစိုးရမင်းတွေရဲ့ စကားကို နားထောင်ရမယ်လို့ပါလို့ ရုပ်တုကိုးကွယ်ကြမှာလား။ လုံးဝ မကိုးကွယ်ရပါဘူး။ ဒီလိုမျိုးနေရာမှာတော့ အုပ်စိုးသူမင်းများရဲ့ အမိန့်ကိုနာမခံဘဲ ဘုရားသခင် အမိန့်တော်ကိုသာ ပိုပြီးနားထောင်ရမှာ ဖြစ်ပါတယ်။ ရောမသြဝါဒစာ ရေးသားသူဟာ တမန်တော်ရှင်ပေါလု ဖြစ်ပါတယ်။ ရေးသားသူ ရှင်ပေါလု ကိုယ်တိုင် ဧဝံဂေလိသတင်းကောင်းကြောင့် အစိုးရမင်းတွေရဲ့ အုပ်ချုပ်မှုကို နာမခံလို့ ရောမအစိုးရရဲ့ သေဒဏ်ပေးခြင်းခံရကာ လည်ပင်း အဖြတ်ခံခဲ့ရတယ်မဟုတ်လား။ ဒါကြောင့် ရောမသြဝါဒစာ အခန်းကြီး (၁၃) ဟာအကန့်အသတ် ရှိတယ်ဆိုတာ ရှင်ပေါလုကိုယ်တိုင် သူ့အသက်တာနှင့် သက်သေပြသခဲ့ပြီး ဖြစ်ပါတယ်။

ရှေးခေတ် အမေရိကန်တွေဟာ ခရစ်ယာန်ဘာသာဝင်တွေ ဖြစ်ခဲ့ကြပါတယ်။ သမ္မာကျမ်းစာကို လည်း ပိုင်းခြားနားလည်ခဲ့ကြပါတယ်။ ယနေ့ခေတ် လူတွေက အထင်ကြီးနေတဲ့ ဒီမိုကရေစီနိုင်ငံ၊ လူတိုင်းလေးစားခံရတဲ့ ဒီနိုင်ငံဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၄၀)ခန့်က အင်္ဂလိပ်တွေရဲ့အုပ်ချုပ်မှုခံခဲ့ရတဲ့ ကျွန်နိုင်ငံ ဖြစ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒီခေတ်က အမေရိကန်တွေဟာ ရောမသြဝါဒစာ အခန်းကြီး(၁၃)မှာအစိုးရမင်းရဲ့စကားကိုနာခံရမယ်ဆိုပြီး ဒီတိုင်းမနေကြဘဲ မတရားအုပ်ချုပ်တဲ့ အင်္ဂလိပ်အစိုးရကို ရရာလက်နက်နဲ့ တော်လှန်ခဲ့ကြတာပါ၊ တိုက်ပွဲဆင်နွဲပြီး လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြတာပါ။ အဲဒီလိုနှင့် အင်္ဂလိပ်လက်အောက် ကျွန်ဘဝကနေ ဘုရားသခင်ကလွတ်မြောက်မှုကိုပေးလို့ ဒီကနေ့ခေတ်မှာတော့ ကမ္ဘာပေါ်မှာ ပျော်ရွှင်ဖွယ်ကောင်းတဲ့နိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်မှုအရှိဆုံးနိုင်ငံ ဖြစ်လာခဲ့ပါတယ်။ ထိုအမေရိကနိုင်ငံရောက်ဖို့ ချင်းဒုက္ခသည်ပေါင်းမြောက်များစွာဟာလည်း မုသားဖြူသုံးပြီး လိမ်ညာခဲ့ကြတယ် မဟုတ်ဘူးလား။

ရှာဒရက်၊ မေရှက်၊ အဗေဒနေဂေါ် သုံးဦးဟာလည်း နေဗုခဒ်နေဇာမင်းကြီးရဲ့ အမိန့်ကိုနာမခံတာကြောင့် မီးအိုင်ထဲကို ပစ်ချခြင်းခံခဲ့ကြရပါတယ်။ (ဒံယေလ ၃း၁-၃၀) ဒံယေလလည်း အစိုးရမင်းတို့၏ စကားကို နာမခံတာကြောင့် ခြင်္သေ့တွင်းထဲမှာ ပစ်ချခြင်းကို ခံခဲ့ရပါတယ်။ (ဒံယေလ ၆း၁-၂၈) မော်ဒကဲ သည်လည်း အစိုးရမင်း ဟာမန်ရှေ့မှာ ဦးမချ၊ ရှိမခိုးဘဲ နေခဲ့တယ်မလား။ (ဧသတာ ၃း၁-၁၅) ယေရှုနောက်လိုက် တပည့်တော်များနှင့် ရှေးဦးယုံကြည်သူများဟာလည်း ခရစ်ယာန်ဘာသာတရားအကြောင်း မဟောရဆိုတဲ့ အစိုးရမင်းများရဲ့ အမိန့်ကိုနာမခံခဲ့ကြလို့သာ ကမ္ဘာမြေတခုလုံး ဧဝံဂေလိတရား ပြန့်ပွါးနိုင်ခဲ့ခြင်း မဟုတ်ပါလား။ အခြားအဖြစ်အပျက်များစွာလည်း ရှိပါသေးတယ်။ ရေးလို့မကုန်နိုင်ပါဘူး။

ဒါကြောင့် ကျွန်တော်တို့ယုံကြည်သူတွေဟာ ရောမသြဝါဒစာ အခန်းကြီး(၁၃)ကိုယူပြီး မျက်ကန်းတစ်ယောက်လို လိုက်နာဖို့မဟုတ်ပါဘူး။ လောကီမင်းများထက် ဘုရားသခင်ဟာပိုပြီး ကြီးမြတ်

တယ်ဆိုတာ သိဖို့လိုအပ်ပါတယ်။ ဘယ်လိုမျိုးအုပ်ချုပ်သူပဲ ဖြစ်နေပါစေ ဘုရားသခင်နဲ့ဆန့်ကျင်ဘက် ဖြစ်နေတယ်ဆိုရင်တော့ သူတို့ရဲ့ အမိန့်ထက် ဘုရားသခင်ရဲ့အမိန့်ကိုသာ ပိုမိုနာခံရတော့မှာပါ။

## နိဂုံး

ဘုရားသခင်ရဲ့ အကြောင်းအရာတစ်ခုလုံးဟာ နိုင်ငံရေးပဲဖြစ်ပါတယ်။ ဒါကြောင့်သင်းအုပ်ဆရာတွေနှင့် အမှုတော်ဆောင်တွေဟာ နိုင်ငံရေးကိုရှောင်လွှဲလို့မရပါဘူး။ တကယ်လို့ ရှောင်လွှဲခဲ့မယ်ဆိုရင် ဘုရားသခင်ရဲ့ အလိုတော်နှင့်ဆန့်ကျင်ရာ ရောက်ပါလိမ့်မည်။ ကျွန်တော်တို့နေထိုင်တဲ့ ကမ္ဘာမြေကြီးဟာ ဘုရားသခင်က သူ့ရဲ့ နိုင်ငံရေးနှင့် ဖန်ဆင်းခဲ့တာဖြစ်ပါတယ်။ ဒီကောင်းကင်နဲ့ မြေကြီးမှာဘုရားသခင်ဟာ အုပ်ချုပ်သူ အစိုးရ ပါတီခေါင်းဆောင်ဖြစ်ပြီး စာတန်(လူစီဖာ) ဟာ အတိုက်ခံပါတီရဲ့ ခေါင်းဆောင်ဖြစ်ပါတယ်။ ရုပ်ရှင်စကားနှင့်ပြောမယ်ဆိုရင် ဘုရားသခင်ဟာ ဇာတ်ညွှန်းရေးသူ၊ ဒါရိုက်တာ၊ ထုတ်လုပ်သူဖြစ်ပြီး သခင်ယေရှုဟာ မင်းသား ဖြစ်ပါတယ်။ စာတန်ဟာ လူဆိုးခေါင်းဆောင်ဖြစ်ပြီး ကမ္ဘာသူကမ္ဘာသားတွေဟာ ဘုရားသခင်ထားရာသရုပ်ဆောင်နေကြတဲ့ ဇာတ်ပို့ဇာတ်ရံလေးတွေပါ။ ဘုရားသခင်ဟာ "အာလဖါ နှင့် ဩမေဃ"ဖြစ်ပါတယ်။ အစလည်းဖြစ်သလို အဆုံးလည်းဖြစ်ပါတယ်။ (ဗျာဒိတ်၂၂း၁၃) ဘုရားသခင်ကကောင်းကင်နဲ့ မြေကြီးတည်းဟူသော နိုင်ငံရေးကို ဖန်ဆင်းခဲ့ပြီး အဲဒီအထဲမှာ ကျွန်တော်တို့တွေနေထိုင်ကြပါတယ်။ အဲဒီ ကောင်းကင်နဲ့ မြေကြီးတည်းဟူသော နိုင်ငံရေးဟာ ဘုရားသခင် ရဲ့ လက်တော်ထဲမှာ ပြန်လည် နိဂုံးချုပ် ပါလိမ့်မယ်။ သမ္မာကျမ်းစာကို လေ့လာမယ်ဆိုရင် ဣသရေလ တွေရဲ့ နိုင်ငံရေးနှင့် ပြည့်နှက်နေပါတယ်။ ဒီကမ္ဘာမြေကြီးဟာ ဣသရေလ တွေရဲ့နိုင်ငံရေးနဲ့စတင်ပြီး ဣသရေလတွေရဲ့ နိုင်ငံရေးနဲ့ အဆုံးသတ်မှာ ဖြစ်ပါတယ်။ ဘုရားသခင်က လူကို ဖန်ဆင်းပြီး ဒီကမ္ဘာမြေကြီးမှာထားရတဲ့ ရည်ရွယ်ချက်က ကမ္ဘာမြေကြီးနဲ့ အထဲမှာရှိတဲ့ အရာတွေကို ထိန်းသိမ်းစောင့်ရှောက် ပြုပြင်တည်ဆောက်ဖို့ပဲ ဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာလူတိုင်းရဲ့ နေ့စဉ်အသက်ရှင်ပုံစံနစ်ပဲ ဖြစ်ပါတယ်။ အသင်းတော်တွေဟာ ကျွန်တော်တို့ နေထိုင်နေတဲ့ မြို့ရွာတွေကို ပြုပြင်တည်ဆောက်ဖို့ သခင်ယေရှုကိုယ်စား ယေရှုရဲ့ ခန္ဓာကိုယ်ပဲဖြစ်ပါတယ်။ ဒါကြောင့် အသင်းတော်ခေါင်းဆောင်၊ သင်းအုပ်ဆရာ၊ အမှုတော်ဆောင်တွေရဲ့ နိုင်ငံရေးအသိအမြင်ရှိခြင်း၊ မရှိခြင်းတို့ဟာ ကျွန်တော်တို့ရဲ့ တိုင်းပြည်အတွက် အလွန်အရေး ကြီးပါတယ်။

ကျေးဇူးတင်ပါတယ်။

**Satin Thawng က ရေးသားပြီး၊ ဆလိုင်း ရှိုမနားထန်း(မလေးရှား) မှ ဘာသာပြန်သည်။**

၀၀၀၀

# ဘာသာရေးကို အခြေမခံသော အယူဝါဒ (Secularism)

**သောမတ်(စ်) ထန်နိုး**

## ၁။ နိဒါန်း

၁၉၈၀ ခုနှစ်လောက်မှစ၍ နိုင်ငံရေးသိပ္ပံပညာရှင်အချို့တို့က နောင်အနာဂတ်စစ်ပွဲများသည် နိုင်ငံနှင့်အမျိုးသားကို အခြေခံသော စစ်ပွဲများထက် ဘာသာအယူဝါဒကို အခြေခံသော စစ်ပွဲများ ပိုမိုဖြစ်ပွားလာမည်ဟု ဟောကိန်းထုတ်ခဲ့ကြသည်။ ထို့အပြင် ကမ္ဘာအနှံ့ ဘာသာအယူဝါဒကို အခြေခံသော စစ်ပွဲ (ပဋိပက္ခ) ဖြစ်မည့်နေရာများကိုလည်း ပုံနှင့်တကွ ဖော်ပြခဲ့ကြသည်။ ဤအယူအဆမှန်ကန်ကြောင်း ယခုခေတ် ကမ္ဘာအနှံ့ ဖြစ်ပွားနေသော နယ်ခြားမရှိ ဘာသာရေးကို အခြေခံသော စစ်ပွဲများ၊ ပဋိပက္ခများနှင့် နိုင်ငံတခုချင်းစီအတွင်း ဖြစ်ပွားနေသော ဘာသာရေး အယူဝါဒကို အခြေခံသော စစ်ပွဲများ၊ ပဋိပက္ခများတို့က သက်သေပြလျက်ရှိသည်။ အာဖဂ္ဂန်နစ္စတန်နိုင်ငံမှ တာလီဘန်အဖွဲ့၊ အိုဆမာဘင်လာဒင် ခေါင်းဆောင်သော အေလ်ကိုင်ဒါ အဖွဲ့၊ အီရတ်နိုင်ငံမှ အိုင်အက်စ် အဖွဲ့၊ အိန္ဒိယနိုင်ငံမှ ဟိန္ဒူအက်စ်အာအစ် အဖွဲ့ စသည်တို့သည် ဘာသာအယူဝါဒကို အခြေခံသော အချို့နာမည်ကြီးအဖွဲ့တို့ဖြစ်ကြသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံများတို့တွင်လည်း ဘာသာရေးကိုအခြေခံသော ပဋိပက္ခများ ကြုံတွေ့နေကြရသည်။ ဘာသာရေးအယူဝါဒကို အခြေခံသော စစ်ပွဲ၊ ပဋိပက္ခများကိုလေ့လာပါက ဘာသာမတူများအကြား ဖြစ်ပွားမှုသာမက ဘာသာတူ တခုအထဲတွင် အယူဝါဒ၊ ခံယူချက်၊ ဂိုဏ်းဂဏကွဲမှုကြောင့် စစ်ပွဲများ၊ ပဋိပက္ခများဖြစ်ရသည်ကို ထူးထူးခြားခြား တွေ့ရှိရပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ပြီးသော၊ ကြုံတွေ့လျက်ရှိသော အယူဝါဒကို အခြေခံသည့် ပဋိပက္ခများကို ဖြေရှင်းနိုင်ရန်မှာ ဘာသာရေးကို အခြေမခံသော ဝါဒ (Secularism) သည် အသင့်လျော်ဆုံးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံသည် ဘာသာပေါင်းစုံ နိုင်ငံတခုဖြစ်သောကြောင့် ဘာသာရေးကို အခြေမခံသောဝါဒသည် အသင့်လျော်ဆုံးဖြစ်သည်။ ဘာသာပေါင်းစုံနိုင်ငံတွင် နိုင်ငံတော်ဘာသာအဖြစ် ဘာသာတခုတည်းကို ထားရှိလက်ခံရန် ဆန္ဒ မရှိကြပေ။ ရာနှုန်းပြည့် ဘာသာတခုသာ ကိုးကွယ်ယုံကြည်သော နိုင်ငံတွင် နိုင်ငံတော်ဘာသာအဖြစ် ၄င်းဘာသာတခုတည်းကိုထားရှိလျှင် သင့်လျော်ကောင်း သင့်လျော်နိုင်သော်လည်း ဘာသာစုံနိုင်ငံတွင် ဘာသာတခုခုကို နိုင်ငံတော်ဘာသာအဖြစ် ထားရှိပါက ပြဿနာ၊ ပဋိပက္ခ၊ စစ်ပွဲအထိ ပေါ်ပေါက်လာနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သည် ဘာသာရေးကိုအခြေမခံသော ဝါဒ၏ အခြေခံမူတခုဖြစ်သော ဘာသာအားလုံးနှင့် စပ်လျဉ်း၍ ကြားနေအနေအထားအဖြစ် ကြည့်ရှုစောင့်ရှောက်ပေးရမည်။ ယင်းဝါဒကို မြန်မာနိုင်ငံလွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်အောင်ဆန်း အပါအဝင် နိုင်ငံခေါင်းဆောင်များအားလုံးနီးပါးတို့က နှစ်သက် လက်ခံခဲ့ကြခြင်းလည်း ဖြစ်သည်။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံသည် လွတ်လပ်မှု၊ တန်းတူမှုနှင့် တရားမျှတမှုရှိပြီး တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ပြဌာန်းချက်ကို အာမခံချက်ပေးမည့် ဒီမိုကရေစီကို အခြေခံသောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက် နေပြီဖြစ်သည်။ မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ဒီမိုကရက်တစ် အခြေခံမှုများပေါ်တွင် ရေးဆွဲကြရမည်။ ဘာသာရေးသည် ပြည်သူလူထုအတွင်း ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် လူတစ်ဦးချင်းဆိုင်ရာအရေးအရာဖြစ်ပြီး၊ ဘာသာရေးလွတ်လပ်မှုနှင့် ဘာသာများ တန်းတူညီမျှမှု စသည်တို့သည် ဒီမိုကရေစီ၏ အခြေခံများဖြစ်ကြသည်။ ထို့ကြောင့် ဒီမိုကရေစီကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်မည့် မြန်မာနိုင်ငံအနေဖြင့် ဘာသာရေးကို အခြေမခံသော ဝါဒသာလျှင် အသင့်လျော်ဆုံးနှင့် အကောင်းဆုံးဖြစ်သည်။ တိုင်းသူပြည်သားအများဆုံး ကိုးကွယ်သည့် ဘာသာဖြစ်သော အထူးဝိသေသနှင့် ပြည့်စုံသည့်ဘာသာဖြစ်သဖြင့် ယင်းဘာသာကို ရှေ့တန်းတင် အုပ်ချုပ်သောနိုင်ငံ (Theocracy) အဖြစ်သို့ ရောက်စေမည့် ခြေလှမ်းမလှမ်းမိကြရန် အထူးသတိထားကြရမည်။ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီသည် သီအိုကရေစီနှင့် ဆန့်ကျင်ဖက် ဖြစ်သောကြောင့် ဖြစ်သည်။

## ၂။ ဘာသာရေးကို အခြေမခံသော ဝါဒ ၏ အဓိပ္ပါယ်

Encyclopedia Britannica အရ "ဘာသာရေးကိုအခြေမခံသော အသုံးအနှုန်း၏ အဓိပ္ပါယ်မှာ ဝိညာဉ်ရေးရာမဟုတ်သော၊ ဘာသာရေးဆိုင်ရာ (သို့မဟုတ်) ဝိညာဉ်ရေးရာကိစ္စနှင့် မသက်ဆိုင်သော ပြုမူဆောင်ရွက်ခြင်း" ဟု ဖွင့်ဆိုထားသည်။

Secular = ဘာသာရေး သို့မဟုတ် ဝိညာဉ်ရေးရာကိစ္စနှင့် စပ်ဆိုင်မှုမရှိခြင်း။

Secular State = ဘာသာရေးကို အခြေမခံသော နိုင်ငံသည် ဘာသာရေးဆိုင်ရာလည်း မဟုတ်၊ ဘာသာရေးကို ဆန့်ကျင်မှုဆိုင်ရာလည်း မဟုတ်ပေ။ ဘာသာရေးဆိုင်ရာ အခြေခံမှုများနှင့် လှုပ်ရှားဆောင်ရွက်မှုများမှ လုံးလုံးလျားလျားသီးခြားအဖြစ် ရပ်တည်သော်လည်း ဘာသာရေးနှင့်ပတ်သက်၍ ကြားနေအနေအထားတွင် ရပ်တည်မှုပင်ဖြစ်သည်။

Secularism = ဘာသာရေးကို အခြေမခံသော သို့မဟုတ် လောကီရေးသက်သက်ဖြစ်သော အယူဝါဒသည် ဘာသာရေးကို လုံးလုံးလျားလျား ငြင်းပယ်သည်။ ဤအယူဝါဒသည် ဘာသာအားလုံးကို လွတ်လပ်စွာ ယုံကြည် ကိုးကွယ်နိုင်ခြင်း ဖြစ်သည်။

ထို့ကြောင့် ဘာသာရေးကို အခြေမခံသောဝါဒ၏ အဓိပ္ပါယ်ဆိုလိုရင်းမှာ "ဘာသာရေးနှင့်ဘာသာရေးဆိုင်ရာ တွေးခေါ်ယူဆချက်ကို ဘက်မလိုက်ခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း(သို့မဟုတ်) ပစ်ပယ်ခြင်း" ကို ဆိုလိုသည်။

ဘာသာရေးကိုအခြေမခံသော ဝါဒသည် ရုပ်ဝါဒနှင့်ဆိုင်သော စဉ်းစားဆင်ခြင်မှုသက်သက်အားဖြင့် ဘဝနည်းလမ်း၊ လမ်းညွှန်လမ်းပြမှုသဘောသက်ရောက်သည်။ လူအမျိုးမျိုးကောင်းကျိုးခံစား

စေရန် တခုတည်းသော ရုပ်ဝါဒကို ကိုင်စွဲထားသည်။ သို့ရာတွင် ခေတ်သစ်အဓိပ္ပါယ်အရဘာသာရေးကို အခြေမခံသောဝါဒသည် ဘာသာရေးလွတ်လပ်မှုနှင့် ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများတွင် နိုင်ငံတော်၏ ပေါ်လစီက ဝင်ရောက်စွက်ဖက်မှု မပေးရေးကိုသော်လည်းကောင်း၊ဘာသာရေးဆိုင်ရာ ဆန့်ကျင်မှုမပြုရေးကို သော်လည်းကောင်း ဆိုလိုသည်။ ထို့ကြောင့် ဘာသာတိုင်းကို ညီတူညီမျှ အကာအကွယ်ပေးထားသည့် နိုင်ငံတော်က ဝင်ရောက်မစွက်ဖက်ရေးပေါ်လစီပင်ဖြစ်သည်။ ဤဝါဒသည် ဘာသာများအကြားတွင် လက်အောက်ခံ အုပ်စိုးမှု ပုံစံများအားလုံးကို ဆန့်ကျင်သော အယူဝါဒလည်းဖြစ်သည်။ ထို့အပြင် ဤဝါဒက ဘာသာများအကြားသာမက ဘာသာတခုအတွင်း လက်အောက်ခံ ကြီးစိုးချယ်လှယ်မှုကိုပါ ဆန့်ကျင်သည်။ ဤဝါဒက ဘာသာရေးဆိုင်ရာ အုပ်စုများအတွင်း (သို့မဟုတ်) ကွဲပြားသော ဘာသာရေးဆိုင်ရာ အုပ်စုများအကြားတွင် မညီမျှမှုကို ဆန့်ကျင်သည်။ ဘာသာရေး အထူးကြွန်အင်လက္ခာရှိမှုကို အသိအမှတ်ပြုသည်။

## ၃။ အနောက်တိုင်း ဘာသာရေးကို အခြေမခံသောဝါဒ၏ အဓိက ဝိသေသလက္ခဏာ (၄) ခု

(၁) နိုင်ငံနှင့် ဘာသာများ လုံးလုံးလျားလျား သီးသန့် ဖြစ်ခြင်း၊
(၂) ဘာသာရေးဆိုင်ရာ အရေးအရာများ၌ နိုင်ငံတော်က ဝင်ရောက်စွက်ဖက်မှု မရှိခြင်း၊
(၃) နိုင်ငံတော် အရေးအရာများ၌ ဘာသာရေးဆိုင်ရာများက ကြားဝင်မှုမရှိခြင်း၊
(၄) မည်သည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံ (Institution) ကိုမျှ နိုင်ငံတော်က ကူညီထောက်ပံ့မှု မပြုနိုင်ခြင်း စသည်တို့ ဖြစ်ကြသည်။

## ၄။ ဘာသာရေးကို အခြေမခံသော ဝါဒ ၏ ကောင်းကျိုး (၄)ခု

(၁) ဘာသာရေးကို အခြေမခံသောဝါဒက ဒီမိုကရေစီကို ပိုမိုအားကောင်းစေသည်၊
(၂) ဤဝါဒသည် ပိုမိုသိပ္ပံနည်းကျပြီး ဆင်ခြင်းတုံတရားရှိမှုဝါဒအပေါ် အခြေခံသည်၊
(၃) ဤဝါဒသည် ကျယ်ပြန့်သော အမြင်ကျယ်မှုအပေါ် အခြေခံသည်၊
(၄) ဤဝါဒက လူလူချင်းသနားကြင်နာ ထောက်ထားစာနာမှုကို ပိုမိုဖြစ်ပေါ်စေသည်၊

## ၅။ ဘာသာရေးကို အခြေမခံသောဝါဒ၏ အထူးအရေးပါ အရာရောက်သော အချက် (၄) ချက်

(၁) နိုင်ငံတော်ဘာသာ မရှိခြင်း
ဘာသာရေးကို အခြေမခံသောနိုင်ငံတွင် နိုင်ငံတော်ဘာသာဟူ၍ မရှိပေ။

(၂) ဘာသာရေး လွတ်လပ်မှု
ဘာသာရေးကို အခြေမခံသောနိုင်ငံတွင် ဘာသာရေးဆိုင်ရာလွတ်လပ်မှုရှိသည်။ နိုင်ငံသားများအားလုံးတို့သည် ဘာသာရေးလွတ်လပ်မှုအပေါ် ကျေနပ်နှစ်သက်ရန် ဖြစ်သည်။

(၃) အားလုံးသော ဘာသာများအပေါ် တန်းတူညီမျှ လေးစားခြင်း
ဘာသာရေးကို အခြေမခံသောနိုင်ငံတွင် ဘာသာအားလုံးကို ညီတူညီမျှလေးစားမှု ခံစားကြရသည်။ ဘာသာအားလုံး တန်းတူပြုမှုဆက်ဆံခြင်း ခံကြရသည်။

(၄) ဘာသာရေးဆိုင်ရာ အခြေခံပေါ်တွင် ခွဲခြားမှုမရှိခြင်း
ဘာသာရေးကို အခြေမခံသောနိုင်ငံတွင် ဘာသာရေးအခြေခံပေါ်တွင် ခွဲခြားမှု မပြုရပေ။

**၆။ ဘာသာရေးကို အခြေမခံသောဝါဒကို တားဆီးနှောက်ယှက်သော အကြောင်း (၄) ချက်**

(က) **ဘာသာတူ လူမျိုးတူ လူစုဝါဒ (Communalism)**
ဘာသာတူ လူမျိုးတူ လူစုဝါဒ (Communalism) သည် ဘာသာရေးကိုအခြေမခံသောဝါဒ ရှင်သန်ကြီးထွားမှုကို အဓိက အတားအဆီးပြုသော အရာတခုဖြစ်သည်။ ဘာသာပေါင်းစုံနိုင်ငံ တခုတွင် ဘာသာတူ လူမျိုးတူဝါဒ အားကောင်းကျယ်ပြန့်လာလျှင် ဘာသာရေးကို အခြေခံသော ပဋိပက္ခဖြစ်မှု များပြားလာနိုင်ပြီး ဘာသာရေးကို အခြေမခံသော အယူဝါဒကို နှောက်ယှက်တားဆီးလာသည်။

(ခ) **လူမှုရေးဆိုင်ရာ မညီမျှမှုများ**
ဆင်းရဲချမ်းသာမှု၊ ပညာတတ်ပညာမဲ့မှု၊ ကိုယ်ကျင့်တရား ကောင်းမကောင်းကွာခြားမှု၊ ကျန်းမာရေးအဆင့်ကွာခြားမှု.. စသဖြင့် လူမှုရေးဆိုင်ရာ မညီမျှမှုအချက်များကြောင့် ဘာသာရေးကို အခြေမခံသော ဝါဒကြီးထွားမှုကို အဟန့်အတားဖြစ်စေသည်။

(ဂ) **နိုင်ငံရေးပါတီများက ဘာသာရေးကို အလွဲသုံးစားပြုခြင်း**
နိုင်ငံရေးပါတီနှင့် နိုင်ငံရေးသမားများတို့က ၄င်းတို့၏ နိုင်ငံရေးဆိုင်ရာများ အောင်မြင်နိုင်ရေးအတွက် အလွဲသုံးစားပြုကြသည်။ နိုင်ငံရေးသမားများက ဘာသာရေးကို နိုင်ငံရေးအတွက် အသုံးချခြင်း (Politicisation) နိုင်ငံတခုတွင် အသုံးပြုမှု ပျံ့နှံ့ပါက ဘာသာရေးကို အခြေမခံသော ဝါဒ မှေးမှိန်နိုင်ပါသည်။

(ဃ) **သည်းညည်းခံမှု လျော့နည်းခြင်း**
ပြည်သူလူထုအတွင်း သည်းညည်းခံမှု လျော့နည်းလာခြင်းကြောင့် အကောင်းမြင်ဝါဒနှင့် အပြုသဘောဝေဖန်ကြမည့်အစား လူမျိုးတူ ဘာသာတူ လူစုလူဝေး ရုန်းရင်းဆန်ခတ်မှုပုံစံက နေရာယူလာသဖြင့် ဘာသာရေးကိုအခြေမခံသော ဝါဒကို ထိခိုက်စေသည်။

**၇။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပါရှိပြဋ္ဌာန်းသင့်သော အချက်များ**

(၁) ဘာသာရေးကို အခြေမခံသောနိုင်ငံ အခြေခံမှုအရ ရေးဆွဲသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပါက ဘာသာရေးကိုအခြေမခံသော အယူဝါဒ (Secularism) စကားလုံး၊ ၄င်းကို လက်ခံကြောင်း ပါရှိသင့်သည်။
(၂) ပါလီမန် (လွှတ်တော်)က ဘာသာတစုံတခုကို အထူးပြု၍ ပြည်သူလူထုအပေါ် တည်နေစေရန်၊ အာဏာနှင့်လိုက်နာစေရန် မပြဋ္ဌာန်းနိုင်အောင် ကာကွယ်သည့် ပြဋ္ဌာန်းချက်ပါရှိသင့်သည်။ သို့ရာတွင် ဘာသာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အခြေခံကို လက်ခံပါက လွှတ်တော်က ယင်းအတွက် ပြဋ္ဌာန်းသော ဥပဒေများနှင့် မသက်ဆိုင်စေရ။

(၃) ဘာသာသီးခြားနေခြင်းကို အခြေခံသော တွေးခေါ်မှု (The concept of principled distance) အယူအဆအရ နိုင်ငံတော်က တက်ကြွလှုပ်ရှားနေသော မည်သည့်ဘာသာကိုမဆိုကြားဝင်နှောင့်ယှက်မှု မပြုရန် ပါရှိသင့်သည်။ တဖက်တွင် ဘာသာရေးဆိုင်ရာများက နိုင်ငံတော်အရေးအရာတွင် ကြားဝင်မှုမပြုရန် တားမြစ်ချက် ပါရှိသင့်သည်။

(၄) နိုင်ငံတော်ဘာသာမရှိကြောင်း၊ နိုင်ငံတော်က တွယ်တာမြတ်နိုးသော အထူးပြုသော ဘာသာမရှိကြောင်း၊ နိုင်ငံတော်က အထူးအခွင့်အရေးပေးသော ဘာသာ၊ အထူးအကူအညီပေးထားသော ဘာသာမရှိကြောင်း၊ နိုင်ငံတော်က မည့်သည့်နည်းလမ်းနှင့်မျှ မည်သည့်ဘာသာမဆို ပြန့်ပွားထွန်းကားအောင် မပြုလုပ်ကြောင်းများ ပါရှိသင့်သည်။

(၅) ဖွဲ့စည်းပုံအခြေခံဥပဒေက ပြည်သူအားလုံး၏ ဘာသာရေးလွတ်လပ်မှုကို အာမခံချက်ပေးသော ပြဋ္ဌာန်းချက်များ ပါရှိရမည်။ ဘာသာရေးသည် လူပုဂ္ဂိုလ်တဦးချင်းနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်ရေးဆိုင်ရာ အရေးအရာဖြစ်သဖြင့် လူတိုင်းက မည်သည့်ဘာသာကိုမဆို လွတ်လွတ်လပ်လပ် ယုံကြည်ကိုးကွယ်နိုင်သလို မိမိယုံကြည်ကိုးကွယ်သော ဘာသာကို စွန့်လွှတ်နိုင်ပြီး အခြားဘာသာတခုခုသို့ သက်ဝင်ယုံကြည်နိုင်သည်။ ထိုသူ ယုံကြည်ကိုးကွယ်သော ဘာသာဆိုင်ရာဓလေ့ထုံးတမ်း၊ ရိုးရာစဉ်လာနှင့်အခြေခံမှုများကို လိုက်နာထိန်းသိမ်းနိုင်သည်။ ဘာသာမဲ့အနေနဲ့လည်း နေနိုင်သည်။ အစိုးရက မည်သည့်နည်းနှင့်မဆို ပြည်သူတို့၏ ဘာသာ အရေးအရာများတွင် ဝင်ရောက်စွက်ဖက်မှု မပြုနိုင်ကြောင်းများ ပါရှိရမည်။

(၆) နိုင်ငံတော်မျက်စိအောက်တွင် ဘာသာအားလုံးတို့သည် ညီတူညီမျှဖြစ်ကြကြောင်း ပြဋ္ဌာန်းချက် ပါရှိရမည်။ နိုင်ငံတော်သည် ဘာသာများ၏ အခြေခံပေါ်တွင် ခွဲခြားမှုမရှိစေပဲ အထူးအခွင့်အရေးများကိုလည်း မပေးရပေ။ ပြည်သူများက လွတ်လွတ်လပ်လပ် ယုံကြည်ကြသော ဘာသာအားလုံးက တန်းတူညီမျှ အခွင့်အရေးများရှိကြရမည်။ အစိုးရဝန်ထမ်း ရွေးချယ်ရာတွင် သော်လည်းကောင်း၊ ရာထူးတိုးမြှင့်လျော့ချခြင်းပြုရာသော်လည်းကောင်း၊ ဘာသာရေးဆိုင်ရာအခြေခံပေါ်တွင် အခွင့်အရေးပိတ်ပင်ခြင်း မရှိစေရပေ။ ဘာသာအားလုံးတို့သည် တန်းတူညီမျှမှုရှိကြရမည်ဖြစ်ပြီး တူညီသော ဥပဒေ၏ စီမံအုပ်ချုပ်မှုအောက်၌ ရှိကြရန် ပြဋ္ဌာန်းချက်များ ပါရှိရမည်။

(၇) ဘာသာထွန်းကားပြန့်ပွားစေခြင်းအတွက် တန်းတူအခွင့်အရေးများနှင့် အခွင့်အခါကောင်းများကိုဖွဲ့စည်းအုပ်ချုပ်ပုံတွင် ပါရှိသင့်သည်။ မည်သူမဆိုမိမိယုံကြည်သော ဘာသာနှင့်ပတ်သက်၍ အကျိုးဖြစ်ထွန်းမှုကို စွဲမြဲစေနိုင်ပြီး၊ ၎င်းအတွက် ဘာသာရေးဆိုင်ရာ အဆောက်အအုံ (Institution) များကို ဖွင့်လှစ်နိုင်သည်။ အစိုးရက မည်သည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ခွဲခြားဆန့်ကျင်မှု မပြုနိုင်ပေ။ မိမိတို့ဆိုင်ရာ ဘာသာစီမံခန့်ခွဲပိုင်ခွင့်၊ ဘာသာရေးပိုင်ပစ္စည်းရယူပိုင်ခွင့်၊ အဆောက်အအုံများ ထိန်းသိမ်းခွင့်များ ပါရှိရမည်။

(၈) နိုင်ငံတော်သည် ဘာသာရေးနှင့် ခတ်လှမ်းလှမ်းနေရမည်ဖြစ်ပြီး ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများမှ ခတ်ဝေးဝေးနေမှုကို ထိန်းသိမ်းရမည်။ နိုင်ငံတော်သည် ဘာသာရေးဆိုင်ရာလည်း မဟုတ်၊ ဘာသာရေးကိုလည်း မပုတ်ခတ်၊ ဘာသာရေးဆိုင်ရာ ဆန့်ကျင်ခြင်းလည်းမပြုပဲ ပြုမူ

ရမည်။ ဤအချက်က နိုင်ငံတော်သည် မည်သည့်ဘာသာမှ အကျိုးအမြတ် မယူကြောင်း၊ ဘာသာရေးဆိုင်ရာ အခွင့်အရေးများ၌ ဝင်ရောက်စွက်ဖက်မှု မပြုကြောင်း၊ မည်သည့်ဘာသာကို မဆို ချီးမွမ်းခန်းမဖွင့်ကြောင်း၊ အတိုက်အခံလည်းမပြုကြောင်း သဘောသက်ရောက်သည်။ ဘာသာရေးနှင့် ခတ်ဝေးဝေးနေရေးမူကို ပါဝင်စေသင့်သည်။

(၉) အစိုးရပညာရေးဆိုင်ရာ အဆောက်အအုံများတွင် ဘာသာရေးဆိုင်ရာ ပညာပေးမှုမရှိစေရန် ပြဌာန်းသင့်သည်။ အစိုးရ ပညာရေးအဆောက်အအုံများ၊ အစိုးရကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များတို့တွင် ဘာသာရေးဆိုင်ရာဝါဒဖြန့်ချိမှု (ပြန့်ပွားစေမှု) မပြုလုပ်နိုင်ကြောင်း၊ အစိုးရက လုံးဝ (သို့မဟုတ်) တစိတ်တပိုင်း ထိန်းသိမ်းထားသော ပညာရေးဆိုင်ရာအဆောက်အအုံများတွင် ဘာသာရေးဆိုင်ရာ ပညာပေးမှု မပြဌာန်းသင့်ကြောင်း ပါရှိသင့်သည်။

(၁၀) မည်သည့်ဘာသာရေးဆိုင်ရာ တိုးတက်မှုအတွက် အခွန်မကောက်ခံနိုင်ကြောင်း ပြဌာန်းချက်ပါရှိသင့်သည်။

အထက်ပါ (၁၀)ချက်အပြင် ၂၀၁၃ ခုနှစ်၊ နိဝင်ဘာလတွင် ဟားခါးမြို့၌ ကျင်းပခဲ့သော ဒုတိယအကြိမ် ချင်းအမျိုးသားညီလာခံမှ သဘောတူညီခဲ့ကြသည့် ဘာသာရေးနှင့် ယုံကြည်မှုဆိုင်ရာ လွတ်လပ်ခွင့်များ၊ အောက်ဖော်ပြပါ အချက် (၁၂) ထဲမှ ကောင်းနိုးရာရာ ပါဝင်ပြဌာန်းသင့်သည်။

(၁) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော ဘာသာရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုသို့ဦးတည်စေသည့် မည်သည့် ပြဌာန်းချက်မျိုးကိုမဆို ပြန်လည်သုံးသပ်ပြင်ဆင် (သို့မဟုတ်) ပယ်ဖျက်ရန် လိုအပ်ကြောင်း၊

(၂) ဘာသာရေးအဖွဲ့အစည်းများအနေဖြင့် သာသနာနယ်မြေ ပိုင်ဆိုင်ခွင့်ရရှိရန်နှင့် ယုံကြည်ခြင်းကို အခြေခံသော (Faith-based) အရပ်ဘက်လူမှုအဖွဲ့အစည်းများ လွတ်လပ်စွာ ဖွဲ့စည်းရပ်တည်ခွင့်၊ လှုပ်ရှားဆောင်ရွက်ခွင့်၊ ပြည်တွင်းပြည်ပ အလှူရှင်များထံမှ ရံပုံငွေ ရယူနိုင်ခွင့်၊ ကြန့်ကြာမှုမရှိပဲ မှတ်ပုံတင်ရရှိခွင့်များ ရရှိရန်၊

(၃) နိုင်ငံတော်မှ ဖွင့်လှစ်သော စာသင်ကျောင်းများတွင် ဘာသာရေးဆိုင်ရာ ပြဌာန်းမှုများ၊ ကျောင်းသူကျောင်းသားများအား ကျင့်ကြံစေခြင်းများ ရှောင်ရှားပြီး၊ မတူကွဲပြားသော ဘာသာတရားများအချင်းချင်း အပြန်အလှန် လေးစား အသိအမှတ်ပြုခြင်းကို မြှင့်တင်ရန်၊

(၄) လူနည်းစု ကိုးကွယ်သော ဘာသာတရားများကို အကာအကွယ်ပေးသည့် ဥပဒေတရပ် ပြဌာန်းထားရှိရန်၊

(၅) ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဘာသာရေးတရားများအကြား ဆူကြုံနှိမ့်မြင့်ခွဲခြားမှု ပပျောက်စေရေးအတွက် သာသနာရေးဝန်ကြီးဌာနကို လွတ်လပ်၍ ဘက်မလိုက် ဘာသာရေးဆိုင်ရာ ကော်မရှင်တရပ်ဖြင့် ဖွဲ့စည်းသင့်ကြောင်း၊

(၆) နိုင်ငံသားစီစစ်ရေးကဒ်ပြားတွင် ပါရှိသော ကိုးကွယ်သည့်ဘာသာဟူသည့် ဖော်ပြချက်သည် ဘာသာရေးခွဲခြားမှုကို ဦးတည်စေသဖြင့် ပယ်ဖျက်သင့်ကြောင်း၊

(၇) အကြောင်းပြချက်အမျိုးမျိုးဖြင့် ဖြိုလဲဖျက်ဆီးခံခဲ့ရသော ခရစ်ယာန်ဘာသာဝင်တို့ အထွဋ်အမြတ်ထားသည့် လက်ဝါးကားတိုင်များကို တာဝန်ရှိသူများမှ ပြန်လည်စိုက်ထူပေးရန်၊

(၈) လွတ်လပ်စွာ ဘာသာရေးဆိုင်ရာစည်းဝေးခွင့်၊ ဟောပြောစည်းရုံးခွင့်များ အမှန်တကယ်ရရှိစေရေးအတွက် ဆောင်ရွက်ပေးရန်နှင့် ဘာသာရေးနှင့်ပတ်သက်သော ကိစ္စရပ်များတွင် ဘက်မလိုက်သော မူဝါဒ ကျင့်သုံးရန်၊

(၉) ခရစ်ယာန်များ၏ သာသနာ့ဝန်ဆောင်ကဒ်ကို အသိအမှတ်ပြုရန်၊

(၁၀) နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး (နတလ)ကျောင်းများကို ပညာရေးဝန်ကြီးဌာန လက်အောက်တွင် ထားရှိပြီး၊ ဘာသာရေးစည်းရုံးမှုနှင့် လူမျိုးရေးခွဲခြားမှုကို ဦးတည်သည့် လုပ်ဆောင်ချက်မျိုး မဖြစ်ပေါ်စေရန်၊

(၁၁) သတင်းမီဒီယာများတွင် ဘာသာတိုင်း အခွင့်အရေးတန်းတူရရှိရေး (ဥပမာ- ရေဒီယို၊ တီဗွီ (ရုပ်မြင်သံကြား) များတွင် ဘာသာတိုင်း၏ သတင်းများ ထုတ်လွှင့်ပေးခြင်း)များ ဆောင်ရွက်ရန်၊

(၁၂) ချင်းပြည်နယ်ရှိ ဘာသာပေါင်းစုံ/ဂိုဏ်းပေါင်းစုံအားလုံး ပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲတရပ်ကို ၂၀၁၄ ခုနှစ်အတွင်း ချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်နှင့် ချင်းလူ့အခွင့်အရေး အဖွဲ့အစည်းတို့မှ ကမကထပြုပြီး ခေါ်ယူကျင်းပပေးရန်၊

## နိဂုံး

ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း ဘာသာရေးကို အခြေပြုပြီး ပေါ်ပေါက်လာသော ပြဿနာများ၊ ပဋိပက္ခများ မရှိစေရန် (သို့မဟုတ်) ရှောင်ရှားနိုင်ရန်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် ဘာသာရေးကို အခြေမခံသောနိုင်ငံ တည်ဆောက်ခြင်း အခြေခံမူအရ ရေးဆွဲပြဋ္ဌာန်းနိုင်လျှင် အသင့်လျော်ဆုံးဖြစ်သည်။ သို့မှသာ အနာဂတ်တွင် ဘာသာပေါင်းစုံ၊ လူမျိုး ပေါင်းစုံနေထိုင်သော မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ကြမည်ဖြစ်ပြီး ဘာသာရေးအခြေခံသော ပြဿနာများကိုလည်း ဖြေရှင်းရှောင်ရှားနိုင်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံး ထာဝရငြိမ်းချမ်းရေးကို လက်တွေ့အကျိုးပြုနိုင်ဆုံးနှင့် ရေရှည်တည်တံ့စေနိုင်ဆုံးဖြစ်သည့် ဘာသာရေးကို အခြေမခံသော မြန်မာနိုင်ငံ တည်ဆောက်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။

၀၀၀၀

# နိုင်ငံရေး အဆိုအမိန့်များ

ဒီမိုကရေစီသေဆုံးခြင်းဟာ ချုံခိုတိုက်ခိုက်လုပ်ကြံခံရလို့တော့ မဖြစ်နိုင်ဘူး။ ဘာကိုမှ စိတ်မဝင်စားခြင်း၊ ဘာသိဘာသာ နေခြင်းနဲ့ အသိဉာဏ်ပညာ ဝမ်းစာချို့တဲ့ခြင်းတို့ကြောင့် ဒီမိုကရေစီဟာ တဖြည်းဖြည်း မျိုးတုံးသွားလိမ့်မယ်။

**ရောဘတ်အမ်ဟတ်ချင်း**

ပြည်သူ့ရေးရာမှာ စိတ်မဝင်စားဘဲ ဘာသိဘာသာနေခြင်းရဲ့ တန်ဖိုးရလဒ်ကတော့ ဆိုးယုတ်သူများရဲ့ အုပ်ချုပ်မှုကို ခံရခြင်းပဲ ဖြစ်လိမ့်မယ်။

**ပလေတို**

ဒီမိုကရေစီကို ဤအတိုင်းထား၍ မရနိုင်။ ထက်မြက်သော ခေါင်းဆောင်တစ်ဦးက ရှေ့ဆောင်ရမည်။ ထိုသူကသာ ထိုးထွင်းတတ်သော အသိဉာဏ်နှင့် လမ်းမှန်ကို ရှေ့ဆောင်နိုင်မည်။ အစိုးရကောင်းဆိုသည်မှာ အသိဉာဏ် ပြည့်ဝသည့် အစိုးရသာ ဖြစ်ရမည်။ အသိဉာဏ်ကင်းမဲ့သော လူထုထဲ၌ အစိုးရကောင်း ရှာမတွေ့နိုင်။

**သောမတ်စ်ကာလိုင်း**

ကောင်းသောအစိုးရ၏ လက်အောက်၌ နေထိုင်ရသော လူမျိုးသည် လွတ်လပ်ရေးကို ရှာရန်မလိုပေ။ ကောင်းသောအစိုးရထက် အဘယ်မှာ မွန်မြတ်သော လွတ်လပ်ရေး ရှိအံ့နည်း။

**ဆာဝါလတာရလေး**

လွတ်လပ်ခြင်း၊ အတန်းအစား မခွဲခြားခြင်း၊ သွေးရင်းသားရင်းစိတ်ထားခြင်းသည် ဒီမိုကရေစီ၏ အဓိက အင်္ဂါများ ဖြစ်သည်။ ထို့ကြောင့် ထိုအင်္ဂါများကို ကြီးပွားအောင် ကျင့်နိုင်သော တိုင်းပြည်များတွင် အုပ်ချုပ်နည်းသည် အပ်သွားချည်ပါ ဒီမိုကရေစီ အုပ်ချုပ်နည်း ဖြစ်လာသည်။

**ဆွန်ယက်ဆင်**

တိုင်းသူပြည်သား လူအများတို့၏ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရေးကို ဆောင်ရွက်ပေးရန်အလုပ်သည် ကောင်းမွန်သော အစိုးရတစ်ရပ်၏ အခြေခံတာဝန်ဝတ္တရားကြီးပင် ဖြစ်သည်။

**အရစ္စတိုတယ်**

ခေါင်းဆောင်မှုရဲ့ တာဝန်က နောက်ထပ် ခေါင်းဆောင်တွေ မွေးထုတ်ဖို့ဖြစ်တယ်။ နောက်လိုက်တွေ မွေးဖို့ မဟုတ်ဘူး။

**ရာ့ဖ်နေဒါ**

၀၀၀၀